
www.burmeseclassic.com

အကြည်တော်

# လူပျိုမှိုတက်



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၆၇၊ စကားဝါလမ်း၊ အုံမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |

အကြည်တော်
လူပျိုမှိုတက်/အကြည်တော်၊ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၂၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ၊
(၁) လူပျိုမှိုတက်



1 4 NOV 2012



## ကိုယ်တိုင်ရေးအကျဉ်း

| | |
|---|---|
| အမည် | -စာရေးဆရာ |
| နေရပ်လိပ်စာ | -ဗုဒ္ဓ |
| လူမျိုး | -လူပျို |
| အလုပ်အကိုင် | -ဘုန်းကြီးကျောင်း |
| အိမ်ထောင်ရေး | -ရရစားစား |
| ပညာအရည်အချင်း | -မမြင်အပ်သော နေရာ မွဲတစ်ရှိ |
| အရပ်၊ အရှည် | -၅၉၅၀၁၅ |
| ထင်ရှားသောအမှတ်အသား | -အကြည်တော် |
| ဝါသနာ | -အတိအကျမရှိ |
| ဆက်သွယ်ရန် ဖုန်း | -၅ပေ ၁၀လက်မ |


မှတ်ချက်။ ။ကွန်ပျူတာ၏ မှားယွင်းမှုသာဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ ပြင်ဆင်ဖတ်ရှုပေးပါရန်။



www.burmeseclassic.com

www.burmeseclassic.com





## ကိုယ်တိုင်ရေးအကျဉ်း


| | |
|---|---|
| အမည် | -လူပျို |
| နေရပ်လိပ်စာ | -အကြည်တော် |
| လူမျိုး | -ရရစားစား |
| အလုပ်အကိုင် | -အတိအကျမရှိ |
| အိမ်ထောင်ရေး | -မမြင်အပ်သော နေရာ မှဲ့တစ်ရှိ |
| ပညာအရည်အချင်း | -၅ပေ ၁၀လက်မ |
| အရပ်၊ အရှည် | -ဗုဒ္ဓ |
| ထင်ရှားသောအမှတ်အသား | -စာရေးဆရာ |
| ဝါသနာ | -၅၉၅၀၁၅ |
| ဆက်သွယ်ရန် ဖုန်း | -ဘုန်းကြီးကျောင်း |

ကျေးဇူးရှင်ပရိသတ်များခင်ဗျား၊ ဒါလဲ စာစီမှားပါ၍ ထပ်မံ၍အနူးအညွတ် တောင်းပန်အပ်ပါသည်။ အဖြစ်မှန်က ဤသို့ပါ။





14 NOV 20



## ကိုယ်တိုင်ရေးအကျဉ်း

| | |
|---|---|
| အမည် | -ဘုန်းကြီးကျောင်း |
| နေရပ်လိပ်စာ | -၅၉၅၀၁၅ |
| လူမျိုး | -၅ပေ ၁၀လက်မ |
| အလုပ်အကိုင် | -ရရစားစား |
| အိမ်ထောင်ရေး | -အတိအကျမရှိ |
| ပညာအရည်အချင်း | -အကြည်တော် |
| အရပ်၊ အရှည် | -စာရေးဆရာ |
| ထင်ရှားသောအမှတ်အသား | ၂လူပျို |
| ဝါသနာ | -မမြင်အပ်သော နေရာ မှဲ့တစ်ရှိ |
| ဆက်သွယ်ရန် ဖုန်း | -ဗုဒ္ဓ |


မိဘပြည်သူများခင်ဗျား။ စာစီနေရာလွဲသည့်အတွက် အောက်ပါအတိုင်း ပြန်လည်ဖြည့်စွက်ဖတ်ရှုပေးပါ။



www.burmeseclassic.com

www.burmeseclassic.com





## ကိုယ်တိုင်ရေးအကျဉ်း

| | |
|---|---|
| အမည် | -အတိအကျမရှိ |
| နေရပ်လိပ်စာ | -ဘုန်းကြီးကျောင်း |
| လူမျိုး | -စာရေးဆရာ |
| အလုပ်အကိုင် | -၅၉၅၀၁၅ |
| အိမ်ထောင်ရေး | -၅ပေ ၁၀လက်မ |
| ပညာအရည်အချင်း | -ဗုဒ္ဓ |
| အရပ်၊ အရှည် | -မမြင်အပ်သော နေရာ မှဲ့တစ်ရှိ |
| ထင်ရှားသောအမှတ်အသား | -ရရစားစား |
| ဝါသနာ | -လူပျို |
| ဆက်သွယ်ရန် ဖုန်း | -အကြည်တော် |





"ကိုယ့်ရဲ့ကိုယ်ရေးအကျဉ်းကိုတောင် မှန်အောင်မရေးနိုင်တဲ့ သူက မိန်းမယူချင်သတဲ့"

သန်းဇော်စကား။ ဒါကို ကျွန်တော်က

"ဒါကကွာ၊ သူများကျောင်းနေချိန်မှာ ကျောင်းနေခဲ့တယ်၊ သူများရှင်ပြုချိန့်ကျလဲ မပျက်မကွက် ပြုခဲ့တယ်၊ အဲ သူများအိမ်ထောင် ပြုချိန်ကျတော့လဲ ကိုယ်လဲ အိမ်ထောင်ပြုချင်တာ ဘာဆန်းလို့လဲ"

ကျွန်တော့်စကားကို မီးဖိုဘေး မီးမွှေးနေသော ချက်ဖောင်းက

"ဒါဆို ရှာလေ ရှာ၊ ရှာရင်ရပါတယ်၊ ကိုယ်တိုင်က ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ဝက်သားဟင်းစားချင်၊ နောက်နေ့ကျတော့ ချဉ်ပေါင်ဟင်းဖြစ်ပြန်၊ နောက်တစ်နေ့ကျတော့ ပဲကုလားဟင်း၊ ဒီလိုပဲ လိုက်ပြောင်းနေရင် ကြာရင် ငါးပိထောင်းတောင် ရမှာမဟုတ်ဘူး"

ကျွန်တော် ပြုံးလိုက်မိသည်။ မိန်းကလေးများအပေါ် စိတ်အပြောင်းအလဲ မြန်လှသော ကျွန်တော့်ကို ပြောနေခြင်းဖြစ်၏။ မရလို့လားမသိ။ ကျွန်တော့်တွင် အချစ်တွေ အတည်တကျမရှိ။ ကိုယ်ကကြံမယ်လုပ်လိုက် ပါသွားလိုက် ဖြစ်နေတာကြောင့်လဲ အပြောင်းအလဲများနေခြင်းလဲ ဖြစ်နိုင်သည်။ ယခုတော့ ထိုသို့မဟုတ်။ အဟုတ်ကို တွေ့ထားပြီပြီ၊

"အခုဟာက အတည်"

အားလုံး ခေါင်းထောင်ကုန်ကြ၏။

"အတည်လို့ပြောပြီး ပြီးရင် အဖျားရှူးပြီး အရင်းတုတ်တာသာ အဖတ်တင်တယ်မဟုတ်လား"



မျက်နှာရှုံ့ကြီး
တစ်မနှင့်
တစ်နေ့ကို မီးဆိုက်ထင်း
ငါးသယ်ဖိုးလောက်
ဝယ်ပြီး
ပရောပရီ လုပ်နေတာ
သူသိမှာပေါ့။





"တောက်"

ဒါကတော့ တဆိတ်လွန်လွန်းသွားပြီ။ ကောင်မလေးတွေက လွန်တာလား။ ဒီကောင်တွေကပဲ အစွမ်းအစနည်းသော ကျွန်တော့်အကြောင်းသိလို့ စော်ကားနေတာလား မသိနိုင်တော့။

ကျွန်တော်စိတ်ဆိုးသွားသည်ကိုသိသော ချက်ဖောင်းက

"မင်းတို့ကလဲကွာ၊ ကိုကြည့်ကို အဲသလို မပြောပါနဲ့၊ ကိုကြည်က အလကားကောင် မဟုတ်ပါဘူး၊ အဖိုးတန်ပါတယ်"

"ဘယ်လိုအဖိုးတန်တာလဲ"

သန်းဇော်က မေးသည်။ ဒါကို ချက်ဖောင်းက ရှင်းပြ၏။

"ကိုကြည်က ကျွန်းပင်လို အဖိုးတန်တာ"

ကျွန်တော် ကော်လံထောင်မိမတတ် ဖြစ်သွား၏။ ချက်ဖောင်းမှပင် ဆက်၍

"ဟုတ်တယ်ကွ၊ ကိုကြည်လိုလူမျိုးက ကျွန်းပင်လိုပဲ မွေးထားသင့်တယ်၊ ကျွန်းပင်လိုပဲ ကြာလေတန်ဖိုးရှိလေ ဖြစ်မှာ၊ နှစ်ရှည်ပင်လေ"

မှန်ပေသည်။ ကျွန်တော်က ကျွန်းပင်လို ကြာလေတန်ဖိုးရှိလေ ဖြစ်မည်မှန်း ကိုယ့်ကိုကိုယ်သိသည်။ ဒါကို ချက်ဖောင်းက ဆက်၍

"အဲ တစ်ခုတော့ ရှိတာပေါ့လေ"

"ဘာလဲ"

တွေ့တက မေးသည်။

"နှစ်ရှည်ပင်တို့ရဲ့ ထုံးစံအတိုင်း သူတန်ဖိုးရှိချိန်၊ မင်းတို့တစ်သက် မီချင်မှမီမှာပေါ့"

"အိုကွာ၊ တို့မမီလဲ နောင်လာနောက်သားစားရင်ပြီးတာပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်ကျ အစိုးရက သိမ်းချင်သိမ်းဦးမှာ"

ဩော် ကိုယ့်မှာတော့ နှစ်ရှည်ပင်ဖြစ်ပါလျက် ဘယ်ကမှ ဘယ်တော့မှ အသုံးမဝင်မှန်း သိလိုက်ရသည်။ သို့သော် အားပြန်တင်းရင်း

"မင်းတို့က ငါ့ကို ဒီအသက်အရွယ်ထိ ရည်းစားမရသေးလို့ နှိမ်တာလား"

"နှိမ်တာမဟုတ်ဘူး၊ အဖက်ကိုမလုပ်တာ"

ငတွတ်က ဝင်ထောက်သည်။ ကျွန်တော်လဲ တင်းသွားပြီး

"ရည်းစားများကွာ၊ မလိုချင်လို့ပါ၊ လိုချင်ရင်အလွယ်လေး"

"ရှာပတ်ရှာတာတောင် ခါထွက်လာတဲ့ဟာကို"

"လုပ်စမ်းပါ၊ လုပ်ပြလိုက်စမ်းပါ"

အားလုံးက မြှောက်ပေး၏။ ကျွန်တော်လဲ မာန်တက်ပြီး

"အေး မင်းတို့ကြည့်နေ၊ ငါတစ်ပတ်အတွင်း ရည်းစားရကို ရရစေမယ်"

အားလုံးစိတ်ဝင်စားသွားကြ၏။

"ခွင်တွေ့နေပြီထင်တယ်"

"ဘယ်သူလဲ၊ ဘယ်ကလဲ၊ ရုပ်ဆိုးလား၊ မုဆိုးမလား"

တစ်ယောက်တစ်ပေါက် မေးကြသည်။

"ဘယ်ကလာ အပျိုလေး၊ ချောချောလေး"

"ဘယ်ကလဲ၊ ဘယ်သူလဲ"

"လမ်းထိပ်ဈေးဆိုင်က ဖြူဖြူအောင်လေ"

"ဟယ်"

ကျွန်တော်ပြောပြလိုက်တော့ အံ့အားသင့်ကုန်၏။

လမ်းထိပ်ကုန်စုံဆိုင်မှ ဖြူဖြူအောင်ဆိုသည်မှာ နာမည်နဲ့လိုက်အောင် ဖြူဖြူချောချောလေး။ သွက်လက်ချက်ချာပြီး ချစ်ခင်သူပေါများသူ။





ဒါလေးကို ကျွန်တော်တက်ချိန်ပြီဆိုတော့ အားလုံးအံ့အားသင့်ကုန်၏။ ဖြစ်လဲဖြစ်ချင်စရာ။ ကောင်မလေးက ကျွန်တော်တို့တစ်ဖွဲ့လုံးကို အဖက်မျှပင်မလုပ်တာ။

အဖက်လဲလုပ်စရာကိုး။ မျက်နှာရှူးကြီးတစ်မနှင့် တစ်နေ့ကိုမီးဆိုက်ထင်းငါးဆယ်ဖိုးလောက်ဝယ်ပြီး ပရောပရီ လုပ်နေတာ သူသိမှာပေါ့။

"ခင်ဗျား၊ ခင်ဗျားက သူ့ကို ဘယ်လိုလိုက်မလို့လဲ"

သန်းဇော်အမေးကြောင့် ကျွန်တော်ပြုံးလိုက်မိသည်။ သူတို့ကလဲ ဒီကောင်မလေးကို လိုက်ချင်နေကြသည်ကိုး။

"လွယ်လွယ်လေး၊ အဝင်အထွက်လမ်းတွေ ငါအကုန်သိပြီးသား"

"ညအမှောင် အိမ်သာထောင့်မှာစောင့်ပြီး မုဒိန်း"

"ဖြစ်စရာလား၊ ငါ အဝင်အထွက်တွေ သိထားပြီဆိုတာ ဒီလိုကွ၊ ဖြူဖြူအောင်က နေ့ခင်းဈေးကွဲရင် သူတို့ဆိုင်အတွက် လိုအပ်တာဝယ်ဖို့ သိမ်ကြီးဈေးကို သွားနေကျကွ၊ ဈေးသွားရင် အထုပ်ဆွဲဖို့လူမလိုဘူးလား၊ ပိုက်ဆံမပေးရပါဘူး ဆိုပြီး ခပ်တည်တည်ကြောင်းကြည့်တော့ သူက လိုက်ချင်လိုက်ပေါ့တဲ့"

"ဟယ်"

အားလုံးထံမှ အာမေဋိတ်သံ ပေါ်လာ၏။ ပြီးနောက် ပြူးကြောင်ကြောင်နှင့် ကျွန်တော့်ကိုကြည့်သည်။ သူတို့စိတ်ထဲ၌ မျက်နှာပြောင်တိုက်ရဲသော ကျွန်တော့်ကို အံ့အားသင့်နေတာလား။ ဒါမှမဟုတ် ခြေလှမ်းသွက်သော ကျွန်တော့်ကို မတန်မရာ တက်ကိုင်သည်ဆိုပြီး ရွံရှာသွားသည်လားတော့မသိ။ အားလုံးကတော့ ပါးစပ်အဟောင်းသား။

"ဟဲဟဲ မင်းတို့လေ့လာမှု၊ မျက်နှာပြောင်တိုက်မှုက ငါ့ရဲ့ခြေ



www.burmeseclassic.com

www.burmeseclassic.com



ဖဝါးအောက်က မြူမှုန်လောက်တောင် မရှိသေးပါဘူး၊ ဟဲဟဲ၊ မကြာခင် ငါ အဲဒီကောင်မလေးနဲ့ နှစ်ပြားဂဟေဆော်၊ အဲလေ နှစ်ပြားဂဟေဆက် ဟုတ်ပေါင် ဂဟေနှစ်ခါဆော် အာ ရောကုန်ပြီ၊ ဘာလဲအေး အဲလိုဖြစ်မှ အားကျစိတ်နဲ့ ငေးမနေကြနဲ့၊ ငါအနေခက်တယ်၊ ဟဲဟဲ"

ခပ်ကျောကျောပြောပြီး လူပျင်းတို့၏ ထုံးစံအတိုင်း လွတ်ရာနေရာ၌ ဘုန်းခနဲလှဲပြီး စိတ်ကူးတွေယဉ်နေလိုက်တော့သည်။

"အင်း ဒီကိစ္စသာ မတော်တဆ အထမြောက်ရင် ဒီကောင်တွေတော့ အံ့သြကျောတွေတက်ပြီးသေပြီ"

စိတ်ကူးတွေထဲမှာတော့ အဆင်တွေပြေလို့။ ဖြူဖြူအောင်က ဆွဲခြင်းလေးဆွဲ။ ကျွန်တော်က ပိုက်ဆံအိတ်ကလေးကိုင်လို့။ ပတ်ဝန်းကျင်ကိုတောင် ဖိုးကဒ်မပြတ်ဘဲ ထားလိုက်သည်။ ကျွန်တော်တို့နှစ်ယောက်တည်း လင်းလို့။

× × ×





နောက်နေ့ နေ့လယ်နှစ်နာရီခန့်တွင် ကျွန်တော်လဲ ကြံစည်ထားသည့်အတိုင်း ဖြူဖြူအောင် ဈေးသွားစဉ် အထုပ်လိုက်ဆွဲရန် ကားဂိတ်က စောင့်နေလိုက်သည်။

ကြပ်လွန်းလှသောကားတွင် နေရာမရမည်စိုး၍ သူများထက်ဦးအောင် တက်ပြီး ဒရိုင်ဘာအနောက်နား နှစ်ယောက်စာပေး၍ ခပ်တည်တည်နှင့် မျက်နှာပြောင်တိုက်ကာ ထိုင်နေလိုက်သည်။

ဗိုက်ကြီးသည်လာလဲ နေရာမပေး၊ အဘွားကြီးလာလဲ နေရာမပေးနှင့် ခပ်အေးအေးပင် ဒူးနန့်ပြီး ရှူးချင်ယောင်ဆောင်နေလိုက်သည်။



burmeseclassic.com

www.burmeseclassic.com



ဤသို့မလုပ်၍မဖြစ်။ ကျွန်တော့်အကြံနှင့် ကျွန်တော်ကိုး။ ဖြူဖြူအောင်လာလျှင် ကားဒရိုင်ဘာအနောက်ထောင့်ထဲ ထိုးသိပ်ပြီး အနီးကပ်ကြီးကြပ်ပိုးရပေတော့မည်။

ဒရိုင်ဘာထောင့်ထဲရောက်နေ၍ သူလဲမလှုပ်သာ၊ မလူးသာနှင့် ချောင်ပိတ်မိနေပြီး ကျွန်တော်ပြောသမျှ ခံရပေတော့မည်။

ထထွက်ဖို့ကလဲ အပေါက်နှင့်အဝေးကြီး။ ထရပ်လျှင်လဲ မလွတ်နှင့်မို့ သူ့ခမျာ ဘာမှတတ်နိုင်တော့မည်မဟုတ်။

ထို့အပြင် ရပ်ကွက်နှင့် သိမ်ကြီးဈေးဆိုသည်ကလဲ နီးလှသည်မဟုတ်။ အနည်းဆုံး တစ်နာရီခွဲ၊ နှစ်နာရီတော့ စီးရပေမည်။ ထိုအချိန်အတွင်း၌ ချစ်စကားကို သာကေတထိပြောမည်။ အဖြေကို တာမွေဈေးတွင်တောင်းမည်။ သိမ်ကြီးဈေးရောက်လျှင် ပြီးပြီ။

ဘာပြီးတာလဲဟုမေးကြမည်။ ဖြေပြပါမည်။ ထိုစကားသည် မွန်လိုအသံထွက်ပါက

"ပေါင်းစောင်းပေါင်းကွန်ညိုက်"

မြန်မာလိုဆိုလျှင်

"အေးဆေး ကလေးမွေး"

ဒုံးပျံခေတ်ကြီးတွင် ဒုံးပျံလိုမြန်အောင်တော့ ပြုလုပ်ရပေမည်။ ကိုယ်လဲ ငယ်တော့သည်မဟုတ်။ လူပျိုသက်ပင် သုံးသက်ပြည့်လုလု။ ဒီတတိယသက်မှာမှ မီအောင်မလုပ်လျှင် စတုတ္ထသက်၌ သွေးဆုံးပြီ။ အလုပ်အကိုင်လဲမရှိ၊ မိန်းမလဲမရှိလျှင် ရာသက်ပန်ဘုန်းကြီးဝတ်ဖို့သာ ရှိပေတော့မည်။ ဘုန်းကြီးတော့ မဝတ်ချင်။ ညနေစာ မစားရခြင်းကို မုန်းလွန်းလို့ဖြစ်၏။

ထို့ကြောင့် ဘုန်းကြီးမဝတ်ရန် မိန်းမထဘီနား တူတူရေဝါး လုပ်စားဖို့ လိုပေမည်။

ဖြူဖြူအောင်။





ဒီကလေးမ သွက်လက်ချက်ချာပုံနှင့်ကတော့ သူနှင့်ရပြီးလျှင် ဘာမှလုပ်စားစရာလိုတော့မည်မထင်။

"ချစ်ရေ မောင်ပုန်းပြီ၊ တူး ဝါး"

ထဘီကြို ထဘီကြား မျက်နှာပြားလေးဖွက်ပြီး သူစိတ်ချမ်းသာအောင် တူတူရေဝါးနေရုံသာ။ ပြီးတော့ ဘဝတူ ပတ်ဝန်းကျင်ကိုလဲ ပတ်ကြောနေရုံသာရှိတော့သည်။

"ဒီလိုလုပ်ကျွေးတဲ့မိန်းမ ရဖို့ဆိုတာ လွယ်လှတာမဟုတ်ဘူး၊ ငါတောင် ရုပ်ရှိလို့ရတာ၊ မင်းတို့ရုပ်မျိုးနဲ့ဆို ကွမ်းယာသည်တောင် အနိုင်နိုင်"

ဟုတ်သည်ရှိ၊ မဟုတ်သည်ရှိ မြင်မြင်ရာပတ်ကလိနေ၍ရ၏။ တွေးရင်းနှင့်ပင် စိတ်မာတ်တွေတက်ကြွနေမိသည်။

"ဟော လာပြီ"

ကျွန်တော့်ရဲ့ ထဘီစုတ်လေး၊ အဲလေ တူတူရေဝါးလေး။

ကားထွက်သွားမှ
ကားက
လှုပ်နှိုးသလို
အိုင့်ဆောင့်လွန်းသလိုနှင့်
သူ့ပုခုံးပေါ်
လက်ကလေး
မနို့တရို့တင်မည်။
ပြီးမှ အပိုင်ချုပ်ပြီး





www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါသည်။ ဖြူဖြူအောင် ဆွဲခြင်းတောင်းလေးဆွဲ၍ ကားပေါ်တက်လာ၏။

"ဖြူဖြူ ဒီမှာ ကိုယ်နေရာယူထားတယ်"

အားတက်သရော ကျွန်တော့်အသံကြားတော့ ခမျာလေးမှာ မျက်မှောင်ကြုတ်ရှာ၏။

ဆံပင်ရှည်ဖားလျားနှင့် ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်သွားပုံရ၏။ အတန်ကြာမှ

"ဩော် ဘယ်သူများလဲလို့"

"ဘယ်သူမှ မဟုတ်ဘူး၊ အဲ ကို ကိုကြည်လေ၊ မမှတ်မိဘူး မဟုတ်လား၊ ရုပ်ဖျက်ထားတာ၊ ဒိုင်းညှောင့် ဖူး"

လက်ညှိုးနှင့်လက်ခလယ်ကိုပါ သေနတ်ပြောင်းလို့မှတ်ထည့်လိုက်သေး၏။

"လာ ဒီမှာ ကိုယ်နေရာဦးထားတယ်"

ဆိုကာ ဖြကားထိုင်ထားသောထောင့်ကို ဘတ် အဖ်နှင့် နှစ်ချက်ဆင့်ပုတ်ပြလိုက်သည်။

ကောင်မလေးခမျာ မျက်နှာမကောင်းရှာ။ သို့သော် မျက်နှာရှုံကြီးတမနှင့် သွားဖြဲပြသော ကျွန်တော့်ကို အားနာ၍ထင်၏။ ဒရိုင်ဘာအနောက် ချောင်အကျဆုံး ကျွန်တော်ရွေးချယ်ထားသောနေရာ၌ ဆောင့်ကြီးအောင့်ကြီး လာဝင်ထိုင်၏။ နောက်တော့ ကျွန်တော့်ကို မကြည့်ဘဲ ဘေးဘီသို့သာ တစ်ခုခုကို အသည်းအသန် ဝေ့ရှာနေသည်။ ဘာကိုရှာမှန်းလဲမသိ။

မည်သို့ဆိုစေ။ ကျွန်တော် အပိုင်တွက်ထားလိုက်သည်။ ဒီထောင့်ထဲဝင်လာသည်နှင့် ကျွန်တော် ဒိုင်းညှောင့်၍ရပြီလေ။

ကိုယ့်အစီအစဉ်နှင့်ကိုယ် ဝမ်းသာလုံးဆို့၍ ပြန်မျိုချနေရသည်။ ကားမထွက်ခင် ဘာမှမပြောချင်သေး။ ကားထွက်သွားမှ ကား





က လှုပ်နှိုးသလို ချိုင့်ဆောင့်လွန်းသလိုနှင့် သူ့ပခုံးပေါ် လက်ကလေး မခို့တရို့တင်မည်။ ပြီးမှ အပိုင်ချုပ်ပြီး ဘိုင်(by)ကုပ်တော့မည်။ (မာဆတ်စကား)ကားမထွက်မီ ပြောပါက ဘေးလူကြားမှာလဲ စိုးရသေး၏။ ကားမထွက်မချင်း စိတ်ကို တင်းထားလိုက်ရသေး၏။

ကောင်မလေးကတော့ အလိုမကျဟန်နှင့် စူပွစူပွ။ သူ့နံဘေးနား ဆံပင်ရှည်ကြီးတမနှင့် ကားကျပ်ချင်ယောင်ဆောင်၍ ပူးကပ်နေသည်ကို မခံစားနိုင်၍လားမသိ။ ဟိုဒီသာ ဝေ့ရှာနေ၏။

"ဆရာရေ့ လူပြည့်ပြီ၊ ကားထွက်မယ်"

စပယ်ယာအော်သံကြောင့် ဝမ်းသာလုံးပင် ဆို့သွား၏။ ပိုင်ပြီ။ ကားထွက်တာနှင့် ပိုင်ပြီ။ ပေါင်းစောင်းပေါင်းကွန်ညိုက်တော့ ဖြစ်ပြီ။

"ဆွဲဆရာရေ့၊ လမ်းမှာတွေ့သမျှ အကုန်တင်မယ်"

စပယ်ယာ၏အော်သံနှင့်အတူ ကားကလေးက ဝုန်းခနဲ ခုန်ထွက်သွား၏။ ယခင်ကစိတ်မျိုးနှင့်ဆို ယခုလို ကားကြပ်ပုံမျိုး၌ ကိုယ့်ကိုကိုယ် ငါးမျှားတံလိုသာ သဘောထားလိုက်သည်။ ဘယ်သူလာ ဟပ်ဟပ် ကိုယ့်အကောင်ပင်။ ယခုတော့ ထိုသို့မဟုတ်။ ဘီလိယက်ကျူတံလို တစ်လုံးပြီးတစ်လုံး ဘောရွေးထိုးသည့်စိတ်မျိုးလဲမရှိ။ ဂေါက်တံလို တစ်လုံးတည်းရိုက်ရန်သာ အာရုံရှိ၏။

ရှိပြီ။ ကျွန်တော့်ရဲ့ပစ်မှတ်ဂေါက်သီးလေးက ကျွန်တော်နှင့် ကပ်ရပ်၌ ရှိနေပြီ။ ကျွန်တော်လွဲရိုက်လိုက်ဖို့သာ ရှိတော့၏။ သို့သော် ထိချက်မှန်မှလဲ ပြင်းပြင်းပြပြရှိပေလိမ့်မည်။ ထို့ကြောင့် ဘယ်စကားက စဆိုရမည်ကို စဉ်းစားလိုက်သည်။

"နေကောင်းလား"

ဒါကလဲ မဖြစ်သေး။ နေကောင်းလို့ ဈေးသွားတာပေါ့။

"ထမင်းစားပြီးပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မစားရသေးဘူး၊ ရှင်ကျွေးမလို့လား ဆိုလျှင် ပိုက်ဆံက ကားခလောက်သာပါပြီး သူကျွေးသမျှကပ်တီးဖို့သာ ကြံရွယ်ထားသည်မို့ ဒါလဲ အလုပ်မဖြစ်နိုင်။

ချစ်စကားကို မဆိုလင့်။ ရိုးရိုးစကားပင် ဘယ်လိုစရမှန်းမသိဘဲ အူလည်လည်ဖြစ်နေ၏။

ဒါဖြင့်လဲ စကားက နောက်၊ မျက်ပေတုံးကြီးနဲ့ အရင်ညို့ကြည့်မယ်ဆိုသည့် စိတ်ကူးဖြင့် သုံးလေးချောင်းသော မျက်ခုံးအောက်မညီမညာပေါက်ရောက်နေသော အများသဘောတူမျက်လုံးခေါ် မျက်ပေတုံး(ငတိုမျက်လုံး ငတုံးမျက်နှာ)ကို ရှေ့ထုတ်၍ညို့လိုက်မှ

"ဟာ"

ကောင်မလေးခမျာ ကျွန်တော်ရှိနေသည် နေရာပေးခဲ့သည်ကိုပင် သတိမရနိုင်တော့ဘဲ ချိုင့်တွေချောက်တွေကို တဝုန်းဝုန်းနှင့်ဖြတ်နင်းနေသော ကားအပြင်ဖက်သို့ ငေးကာ မျက်လုံးလေးပြူးလိုက်၊

**ကိုယ့်**မှာတော့

မချိုးစဖူး

ရေတွေအတင်း**ချိုး**

မလျှော်စဖူး

အင်္ကျီတွေ**လျှော်**ဝတ်ပြီး

နှစ်ပြားဂဟေ**ဆက်**

အဲလေ

အဲလိုဖြစ်ကြ**မဟုတ်**ဆိုပြီး







အံလေးကြိတ်လိုက်၊ လက်သီးလေးဆုပ်လိုက်နဲ့ အသည်းတယားယားဖြစ်နေပြီး မပူတပူ မီးခဲပေါ်တက်ထိုင်မိသူလို ဖင်လေးတကြွကြွ၊ ခါးလေးပါ လိန်ကျစ်လိန်ကျစ် ဖြစ်နေတာမြင်တော့ အံ့အားသင့်သွားမိသည်။ စိတ်ထဲမှာလဲ

"ဘာပါလိမ့်"

ဟူသောအတွေးမျိုးဝင်၍ သူကြည့်နေရာ လိုက်ကြည့်မိတော့

"ဟယ်"

နံဘေးနားက ရိပ်ခနဲတွေ့လိုက်ရတဲ့ အရာတစ်ခုကြောင့် အံ့အားသင့်သွားရ၏။

"ပြောင်ဘီး ပြောင်ဘီးလေး"

တဝုန်းဝုန်းနှင့် ခလောက်ဆန်နေသောကားနှင့်အပြိုင် နံဘေးနားက ရိပ်ခနဲရိပ်ခနဲ ပေါ်ပေါ်ထွက်လာသော ပြောင်ဘီးလေးတစ်စီး။ ပြောင်ဘီးပေါ် ဆံပင်ပုံစံ မကိုးမကားနှင့် ပိန်ချောင်ချောင်အကောင်တစ်ကောင်။

"သွားပြီ"

ထိုအကောင်ကိုမြင်သည်နှင့် စိတ်ဓာတ်တို့ လက်ထဲဖျစ်ညှစ်ချေလိုက်သော မြေကျစ်ခဲလို အစိတ်စိတ်အမွှာမွှာ ကွဲကြေကုန်၏။

သိလိုက်ပြီ။ မလိုက်ခင်က အသည်းကွဲနှင့်ပြီ။

ထိုတော့မှ သူမ ဘာကို အသည်းအသန်ရှာနေသည်ကို သိလိုက်ရတော့၏။

ကျွန်တော်ကလဲ လူပါးပဲ။ အကောင်ပြတော့ အရိပ်မြင်ပြီပေါ့။

ပြောင်ဘီးကလေးကလဲ ချိုင့်ခွက်များ လမ်းကွေ့များကို ရှောင်ရှားရင်း ကားကြီးနှင့်အတူ ရိပ်ခနဲ ရိပ်ခနဲ ပေါ်ပေါ်လာ၏။

ပြောင်ဘီးဆိုသည်ကိုလဲ အားလုံးသိကြပေလိမ့်မည်။ လက်နှစ်



www.burmeseclassic.com

www.burmeseclassic.com



လုံးလောက်ရှိသော ဖင်ထိုင်ခုံအသေးလေးပေါ်တွင် လူကို တစ်ကိုယ်လုံး ဦးညွတ်သလို ညွတ်ချပြီးမှ အားစိုက်နင်း၍ရသော အမျိုးအစား။ ရုတ်တရက်ကြည့်လျှင် ကိုယ့်ကိုပဲ ပျပ်ဝပ်ရှိကျိုး လက်စုံမိုးတော့မလို ပုံမျိုးကို။ ထိုပုံမျိုးက ရံဖန်ရံခါ၌ ကျွန်တော်တို့ဘေး၊ ရံဖန်ရံခါ၌လဲ ဟိုဖက်ကားဘေးမှ ကုန်းကုန်းကွကွကြီး ပေါ်လာလိုက်။ လက်နှစ်ဖက်ကိုလွှတ်၍ ဖလိုင်းကစ်ပေးလိုက်သေး၏။

သူ ဖလိုင်းကစ်လုပ်တာကို ကိုယ်ပါယောင်ဖမ်းပြီး ဖနောင့်နှင့်နင်းချေမိသေး၏။ ကောင်မလေးကတော့ စူပွပွနှင့် မျက်စောင်းခဲ၍ မကြည်သလိုဟန်လုပ်၍ ပြုံးနေသေးသည်။

ဒီတစ်ခါတော့ အပိုင်ပဲ။ ဘိုင်သေကပ်ဆွဲတော့မဟဲ့ ဟူသော အတွေးများနှင့် အားတင်းလာခဲ့သမျှ ပြိုင်ဘီးလေး၏ ဘီးတစ်ဘီး အလှည့်မှာ အသည်းဟက်တက်ကွဲသွားသလို။ လတ်လတ်ဆတ်ဆတ်ရှိနေဆဲ အသည်းကို ဟိုကောင်၏ ပြိုင်ဘီးနင်းဖို့ ဖင်တကြွကြွမှာပင် မဆီမဆိုင် ရေအိုးကို လေးခွနှင့်ပစ်လိုက်သလို တခွမ်းခွမ်းနှင့် ကွဲသွားတော့၏။

မိတ်ဆွေတို့လဲ စဉ်းစားကြည့်ပါ။ ဒီလိုအပိုင်ပိုးချင်လို့ မျက်နှာပြောင်တိုက် နေရာဦးယူထားပြီးမှ ကိုယ့်ချစ်သူကို အပြင်က ကြောင်တောင်လာနှိုက်နေတာဆိုတော့ ခံရမခက်ပေဘူးလား။

ဩော် ကိုယ့်မှာတော့ မချိုးစဖူး ရေတွေအတင်းချိုး၊ မလျှော်စဖူးအကျီတွေလျှော်ဝတ်ပြီး နှစ်ပြားဂဟေဆက်၊ အဲဒီလေ အဲလိုဖြစ်ကြမဟဲ့ဆိုပြီး တွေးပြီး အားတင်းခဲ့တာ။ အဲဒီစိတ်ကလေးတောင် အခုတော့ ရေတံခွန်ထဲက သွန်ချလိုက်တဲ့ရေလို တဝုန်းဝုန်းနဲ့ ဟာခနဲထိုးကျခဲ့သည်။

ယခုလဲကြည့်လေ

"ဆရာရေ့ ရှေ့မှာလူတင်မယ်"





ကားကလေးရပ်သည်နှင့် ပြိုင်ဘီးကလဲ ကျွန်တော်တို့၏မြင်တွင်းရှင်းသောနေရာလောက်တွင်ရပ်ပြီး သူဝတ်ထားသောပန်းရောင်အကျီနှင့်ချွေးကို ပင့်သုတ်၏။ ဒါကို ကောင်မလေးက သူ့အစားပင်မောနေသေးသည်။

ရုပ်ကြည့်တော့ ကိုယ့်လောက်ပင်ပုံမလာ။ သို့သော် ဆံပင်အထောင်၊ အကျီပန်းရောင်၊ လုံချည်က ပလေကပ်အပြာရောင်နှင့်မို့ ကြည့်ရတာတော့ ဝင်းနေပုံရသည်။ ဒါကို ဖြူဖြူအောင် အသည်းယားနေပုံရ၏။

ဩော် ကိုယ့်မှာတော့ အနီးကပ်ကြီးကြပ်ပိုးမယ်ဆိုကာမှ ဒီတေက ပြိုင်ဘီးနဲ့လာဂွနေတော့ စိတ်ထဲမှာ အတော်ကလေးကို တင်းနေမိသည်။ စိတ်ထဲတွင်လဲ

"နေနှင့်ဦးပေါ့ကွာ၊ အခွင့်ရလို့ကတော့ အရေခွံကအစ ခွာပစ်မယ်"

ဟု တေးထားလိုက်သည်။

"တောက် ရုပ်ကိုက သူ့ကြည့်နေတဲ့မှန် အသိဉာဏ်ရှိရင် ဒီလူလာကြည့်နေတာ အဖြစ်ဆိုးလှချည်ရဲ့ဆိုပြီး မှန်ကိုယ်တိုင် သူ့ကိုယ်သူ ကြိုးဆွဲချသတ်သေမယ့်ရုပ်"

စိတ်ထဲ ကြိတ်ကျိန်ဆဲမိသည်။

"ပြည့်ပြီဆရာရေ့"

စပယ်ယာအော်သံနှင့်အတူ ငတိက ပြိုင်ဘီးလက်ကိုင်ကို အဆင်သင့်ကိုင်၍ ပြုံးပြီးကြည့်သည်။

ပြိုင်ဘီးတို့၏ ထုံးစံအတိုင်း လက်ကိုင်ကိုကိုင်လိုက်သည်နှင့် တစ်ခါတည်း မြင်ရသူကို ပျပ်ဝပ်ရှိကျိုးသလိုဟန်မျိုး ဖြစ်သွားသည် မဟုတ်လား။ နောက်ပြီး ခါးကြီးကုန်းပြီး လေပေါ်ပျံတက်မတတ် ပေါ့ထွက်နေသောတင်ပါးက ခာတ်ဘောလုံးဆွဲထားသလို မိုးပေါ်ပဲ

www.burmeseclassic.com



ထောင်တက်တော့မလို ဖြစ်နေပေပြီ။ ဒါကိုပဲ ကောင်မလေးတွေက အသည်းယားတာ ဖြစ်ပေမည်။

"ဆွဲဆရာရေ့"

စပယ်ယာအော်သံနှင့်အတူ မှုံခနဲ ထွက်သွားသော ပြိုင်ဘီးလေး။ ကောင်မလေးအကြည့်က ပြိုင်ဘီးနှင့်အတူ လှစ်ခနဲပါသွား၏။

ကားကလဲ တဝုန်းဝုန်းနှင့် လိုက်ပါလာသည်။

ညာဖက်ဘေးမှ လှစ်ခနဲပေါ်လာသောပြိုင်ဘီး။ နင်းနေသောကိုယ်တော်က အရှေ့ကိုမကြည့်။ ကျွန်တော့်နံဘေးနားက ဖြူဖြူအောင်ကိုသာကြည့်ပြီး လိုက်ပါလာသည်။

"ဟော"

လှစ်ခနဲ ကားကိုပြန်ကျော်၍ ပျောက်ကွယ်သွား၏။

"တောက် ဒီပြိုင်ဘီးကတော့ကွာ"

ဒရိုင်ဘာကြီး၏အော်သံ။ ထိုသို့ အပြစ်တင်သံကြားတော့

ပြိုင်ဘီးယယ်စီးပြီး
ခါချဉ်ကောင်
ဖင်ထောင်ကြွတ်သလို
ကြွတ်ပြလိုက်ရင်
တေိမ
ကြွေလောက်ရဲ့ဟု
စိတ်ထဲတေးလိုက်မိ၏။







အနည်းငယ်စိတ်ချမ်းသာသွားတယ်။ မိမိသဘောနှင့် တစ်ထပ်တည်းကို။

"အမှန် အော်ကိုဆဲရမှာ"စိတ်ထဲကြိတ်ပြောနေမိသည်။

"ဟာ ပြိုင်ဘီးကလဲ"

ထိုအော်သံကြောင့် ကားပေါ်မှလူများအားလုံး ပြိုင်ဘီးအားသတိထားမိသွားကြ၏။

"ဟုတ်ပ့ါ၊ သွားမှာဖြင့်လဲ မသွားဘူး၊ ကားနားတင် ကပ်ဝေ့နေတာ"

ထိုစကားများကြားတော့ သူမလဲ စူပွပွ။

"ကောင်လေးကြိုးစားရှာတယ်"

တစ်ယောက်၏စကားကြားတော့ ပြုံးရှာပြန်၏။ သူမကိုကြည့်ရင်း

"ဩော် ပိုင်ချင်လို့ ခြင်းထဲထည့်ထားတဲ့ကြက်၊ ခြင်းပြင်ကနေ လာရစ်နေတဲ့ကြက်ဖနဲ့ တွေ့နေသေး"

အလိုလိုနေရင်း စိတ်မကောင်းဖြစ်နေမိ၏။

သူမကတော့ ဒါကို သတိမထားမိ။ အကြည့်များက ပြိုင်ဘီးနောက်သာ။ ကျွန်တော့်ကို ယောင်လို့ပင်မကြည့်အား။

အနားကပ်၍ လှစ်ခနဲပေါ်လာပြန်သောပြိုင်ဘီး။ ပြုံးပြုံးကြီးကြည့်ကာ ကားကိုလှမ်းဆွဲတော့မလိုလုပ်၏။

ကောင်မလေးက အသည်းယားသွားကာ ခန္ဓာကိုယ်ပင် တွန့်ဝင်သွား၏။ နောက် လက်ကလေးတကာကာ၊ နှုတ်ခမ်းလေးတစူစူနှင့် မလုပ်ရန် အသံတိတ်တား၏။ ပြိုင်ဘီးပေါ်မှ ငတိကလဲ သဘောပေါက်ဟန်နှင့် ရှိသမျှသွား တပြုံလုံးဖြဲကာ အရှိန်လျှော့လိုက်သည်။ ပြိုင်ဘီးက ကားနောက်ကျန်ခဲ့သည်။ ဖြူဖြူအောင်က ကျန်ရစ်ခဲ့သောပြိုင်ဘီးကို လိုက်မျှော်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာတောင် ရိုးရိုးမကြည့်။ သူ့မျက်စိရှေ့ခံနေသော ကျွန်တော့်မျက်နှာကြီးအား သူ့လက်ဝါးကြမ်းကြီးနှင့်

"ဟင် ဘာကြီးကွယ်နေတာတုန်း အင်းဟာ"

ဆိုကာ တွန်းဖယ်၍ပင် ကြည့်လိုက်သေးသည်။ ပြိုင်ဘီးက မြင်ကွင်းမှပျောက်သွားပေပြီ။ သူ့မမျက်နှာကတော့ အလိုမကျဟန်နှင့် ညိုး၏။

ကျွန်တော့်အလှည့်ရောက်ပြီကိုး။ ထိုတော့မှ ကျွန်တော်လဲ သက်ပြင်းချမိသည်။

ကျွန်တော်လဲ ဖြစ်သလို စကားစရန်အပြင်

"ဟယ်"

အာမေဍိတ်သံနှင့်အတူ ဝင်းတက်လာပြန်သော သူ့မမျက်နှာ။ ကြည့်လိုက်တော့

"ဟင်"

ဟိုခွေးသား ဖင်လေးလိန်ကျစ်လိန်ကျစ်နဲ့ ကားတစ်ဖက် ဘေးက ပြန်ကျော်တက်လာတာ။ ပြီးတော့ လက်တစ်ဖက်ကိုလွှတ်၍ ဖလိုင်းကစ်ပေးသေး၏။ ကောင်မလေးက ဖလိုင်းကစ်ကို မသိမသာ လှမ်းဖမ်းပြီး ဟိုကောင့်ကိုယ်စား အစားဝင်မောပေးနေသေး၏။ ဟိုကောင်ကတော့ ဘယ်သို့နေသည်မသိ။ သူ့မရင်အစုံက ဖုတ်လှိုက်ဖုတ်လှိုက်နှင့် မောပေးနေသည်။ ကျွန်တော် အတော်စိတ်ညစ်သွားသည်။

"အာ ဒီပြိုင်ဘီးက ပါလာပြန်ပြီ"

ဒရိုင်ဘာ၏မြည်တွန်တောက်တီးသံ။ သူလဲ သူ့ကိုဖြတ်ကျော်လိုက်၊ ဘေးနားကပ်လိုက် လိုက်လုပ်နေသောပြိုင်ဘီးကို အာရုံနောက်နေဟန်တူ၏။

"လိုက်ဦးမယ် ဆရာရေ့"





စပယ်ယာအော်သံနှင့်အတူ ကားလေးက ရှေ့မှာရပ်သည်။ ထို့နည်းတူစွာ ပြိုင်ဘီးလေးကလဲ ကားနံဘေးလိုက်ရပ်သည်။

ပြိုင်ဘီးပေါ်မှ ငချောင်ကောင်က နှစ်လုံးတိတိဖြုတ်ထားသော ပန်းရောင်အင်္ကျီထဲ လေမှုတ်ထည့်သည်။ ရင်ဘတ်က ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသော်လည်း မျက်နှာကြီးက ဝင်းပြီးပြုံးနေသည်။ ကောင်မလေးကလဲ သူ့ကိုကြည့်ပြီး မောပြနေသည်။ သူ့ဘာသာသူ ချွေးထွက်နေသလိုနှင့် နဖူးမှချွေးများကို ပင့်သုတ်သည်။

ကျွန်တော် ကြည့်ရင်းကြည့်ရင်းနှင့် ကျက်သရေချို့တဲ့လာ၏။ ထိုချို့တဲ့လာသော ကျက်သရေ မကြာခင် တုံးတော့မည်။ စိတ်ထဲတွင်လဲ

"တောက် ငါလဲ ဘာလို့ ပြိုင်ဘီးဝယ်မစီးမိတာပါလိမ့်"

ဟုသာ တွေးနေမိ၏။ ပြိုင်ဘီးဝယ်စီးပြီး ခါချဉ်ကောင်ဖင် ထောင်ကြိတ်သလိုကြိတ်ပြလိုက်ရင် ဝေတိမ ကြွေလောက်ရဲ့ဟု စိတ်ထဲ တွေးလိုက်မိ၏။ ထိုစဉ်မှာပင်

"ဆွဲဆရာရေ့၊ လူပြည့်ပြီ"

ကားလေးက ဝုန်းခနဲ ခုန်ထွက်သွားပြန်၏။ ထို့နည်းတူစွာ ပြိုင်ဘီးကလဲ လှစ်ခနဲ။

ဘယ်ဖက်ကပေါ်လာပြီး ကားကိုကျော်ကာ ညာဖက်မှ ပြန်ရောက်လာ၏။ ကောင်မလေးအကြည့်ကလဲ ဘယ်မှညာသို့ လိုက်ရွှေ့လာ၏။ ဟိုကောင်ကတော့ မောရမှန်းပင်မသိ။ ဖင်ကလေးသီကာ သီကာနှင့် လိုက်ပါလာ၏။ ကားက ကုန်းတက်မို့ ဂီယာကြီးကို ဂီးခနဲ ချိန်းလိုက်သည်။ ကျွန်တော် ကြိတ်၍ဝမ်းသာသွားမိသည်။

ဒီကုန်းတက်က ကားပင် တစ်မိနစ်ကျော်နှစ်မိနစ်နီးပါး တက်ရမည်။ ကားပင် ဤမျှကြာလျှင် စက်ဘီးနင်းသောငတိ လျှာထွက်ပြီ။

www.burmeseclassic.com



ကားက ကုန်းပေါ်ကုန်းရုန်းတက်ပေပြီ။ ဒါဆို ပြိုင်ဘီးကရော

"ဟယ်"

ကျွန်တော်ထင်သလိုမဟုတ်။ ဟင် ငတိက ခါချဉ်ကောင်မာန်ကြီးသလို ဖင်ကလေးမြောက်ကြွမြောက်ကြွနှင့် ကုန်းတက်ကို အံခဲ၍ကြိတ်ရှာ၏။ သူ့အံခဲကြိတ်လေ၊ နံဘေးနားက ငတိမကလဲ သူပါလိုက်ကြိတ်ရသလို ဖင်ကလေးကြွကာကြွကာဖြင့် အံကြိတ်၍ ကြိတ်ရှာ၏။ သူ့ခမျာ ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေသလို။

ဖြစ်ပုံက ကလေးငယ်ကို မိခင်က အင်အင်းတည်သလိုမျိုး။ ကိုယ်တိုင်ဝင်ပါနေသည် မဟုတ်သော်ငြား ကလေးအားရအောင် ဘေးနားက ဝမ်းခေါင်းသံဖြင့် "အင်အင်း အင်အင်း"အော်ပေးနေသလိုမျိုး။ ကောင်မလေးကလဲ ထိုသို့ပင်။ ဟိုကောင်ဖင်သီရာဖက် ကားပေါ်မှ သူမက ဝင်လိုက်သီပေးရှာသည်။ ကျက်သရေကား တကယ်တုံးချေ

လမ်းဘေးရေစပ်ဝယ်
ပွက်အိုင်သို့
ခေါင်းကြီးရှေ့ထိုးကျ၍
ဖင်တုံးနှစ်တုံးကြီး
ပြောင်၍
သတိမေ့ငြိမ်သက်
နေလေတော့သည်။







ပြီ။ မည်သို့လုပ်ရမှန်းလဲ မသိတော့။

ကားက ဂီယာကြီးနှင့် တဂီးဂီးရုန်းနေရသည်ကို အရှေ့က ပြိုင်ဘီးနှင့်ငတိက ဖင်လေးမြောက်ကြွမြောက်ကြွနှင့် ခါပြီးပြောင်ပြနေသလိုမျိုး။

"တောက် ဒီကောင်တော့ကွာ"

ဒရိုင်ဘာ၏ ရေရွတ်သံ။

ဒါကို ကောင်မလေးက ထိုသို့မမြင်။ ကားပေါ်ကနေ သူပါမြောက်ကြွမြောက်ကြွနှင့် ချွေးတစိုစို အားတကုန်ကုန် အသည်းတယားယား မောပြုပန်းပြု ဖြစ်နေလေသည်။

သူ့ခမျာ ဘယ်သူ့ကိုမှ ဂရုမစိုက်အား။ သူ့နံဘေးနားမှာ ချောင်ပိတ်ကြိတ်ပိုးမည့် ဆံရှည်လက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်နှင့် လူဖြစ်ချင်နေသော ကျွန်တော့်ကို ရှိသည်ဟုပင်မထင်။

"ဘာကြီးလဲဟ အင်းဟာ"

ဟုပင် မညာမတာ တွန်းပယ်ခံနေရ၍ လွန်စွာပင် စိတ်နာနေမိသည်။ စိတ်ထဲ၌ပင်

"နေနှင့်ဦးပေါ့ကွာ၊ ဒီတစ်ကုန်းပြီးရင် ကုန်းဆင်း၊ ဒီကောင် ဘယ်လိုနင်းမလဲ ကြည့်သေးတာပေါ့"

ဟုသာ စိတ်ထဲတေးမှတ်လိုက်သည်။

မှန်ပေသည်။ ကုန်းတက်ပြီးလျှင် ကုန်းဆင်းသို့ ဆင်းရပေတော့မည်။ ဘုခလုများ ချိုင့်ခွက်များ ပေါများသော ကုန်းဆင်း ခပ်စောက်စောက်မို့ ကားပင်လျှင် သတိထားဆင်းရသည်။

ကြည့်လိုက်တော့ ပြိုင်ဘီးနှင့်ငတိက ကုန်းတက်အပေါ်ထိပ်တည့်တည့်တွင် ကုန်းတက်တက်လာသောကားကို မထီတရီပြုံးရွှင်လည်ပြန်ကြည့်နေသေး၏။

အောင်မယ်။ သူပြုံးတော့ ဘေးနားကောင်မလေးပါပြုံးလိုက်

www.burmeseclassic.com



ကားက ကုန်းထိပ်ကိုရောက်ပြီ။ တစ်ဖက်ကုန်းဆင်းရန် ဂီယာကိုဖြုတ်အချ။ ပြိုင်ဘီးပေါ်ကငတီ၏ မထီတရီအပြုံး။ အကျော ပေးသည့်သဘော။

ကားလဲ ကုန်းပေါ်ကဆင်းသည်နှင့် သူလဲ လှစ်ခနဲ ကောင်မလေးလဲ ရင်ထဲလှိုက်ခနဲဟန်နှင့် ရင်ဘတ်ဖိ၏။ နောက်

မိတ်ဆွေ ဘုခလုမျှား ချိုင့်ခွက်များ ပြည့်လျှံနေသော ကုန်းဆင်းခပ်မတ်မတ်ကို အပြိုင်ဆင်းလာသော ပြိုင်ဘီးနှင့်ကားကို မြင်ကြည့်ပေးပါ။

ကားပေါ်မှလူများပင် ဒရိုင်ဘာထောင့်(အရှေ့)ယိုင်နေသည် ဆိုတော့ ပြိုင်ဘီးပေါ်ဝပ်နေသောသူမှာ အနောက်မှလူများကို ဖင်ထောင်၍ပြောင်ပြနေသလို မြင်ကွင်းမျိုးကို မြင်ကြည့်နိုင်၏။

လက်ကိုင်က နိမ့်ပြီးဝပ်နေသမို့ ကုန်းဆင်းတွင် နောက်ဘီးနှင့် သူ့ဖင်သာ ကွက်ကွက်ကွင်းကွင်း မြင်နေရသည်။

သည်ကြားထဲ လက်နှစ်သစ်သော ဖင်ထိုင်ခုံပေါ် ခါးကို ပုံမှန်ထက် ပိုချိုး၍ အရှိန်ပြင်းပြင်းနှင့် နင်းချနေ၍ ကျောက်တုံးများကိုချိုင့်ခွက်များအလည် ကိုယ့်ဥကိုကိုယ် ဆောင့်ဆောင့်ပြီးခွဲနေသလို မျိုး။

"သေချာပြီ၊ ဒီကောင် ဥမကွဲသိုက်မပျက်ဘဲ အိမ်ပြန်ရောက်ဖို့လမ်းမမြင်"

သည်ကြားထဲ ကုန်းဆင်းကလည်း ရှည်သောကြောင့် အရှိန်ကလဲ များနေသည်။ အရှိန်များသောအခါ ခန္ဓာကိုယ်ကို ဝင်တိုးနေသော လေအရှိန်ကလဲ များပြီ။ ဤအခြေ၌ လမ်းကျွမ်းသူကားဆရာပင် ချိုင့်ထဲမကျအောင် သတိထားမောင်းနေရချိန်ဝယ်၊ ငတီက လမ်းကို မကြည့်။ ကားပေါ်က ကောင်မလေးကို ပြုံးပြုံးကြီးလှမ်းကြည့်ပြီး ဆင်းချသွားသည်မို့။





အောက်က,လေနီရိုင်းက ပင့်အဆော်။ လုံချည်တော်က မျက်နှာပေါ်အဟပ်။

"ဟိုက်"

အာမေဋိတ်သံ ကျယ်ကျယ်။ ပြိုင်ဘီးငတီက မျက်နှာပေါ်ကျသောပုဆိုးကို ကမန်းကတန်း ပြန်အဖိ။ လက်ဆက,များပြီး လုံချည်က ဖလွတ်ခနဲ ကျွတ်သွားရာ

"ဟယ် လုပ်ပါဦး"

အလန့်တကြားနှင့်ဝပ်နေရာမှ ကျွတ်သောလုံချည်ကို လက်လွှတ်အဆွဲ

"ဟယ် သွားပြီ"

ထင်မှတ်မထားသောချိုင့်ကြီးတစ်ခု။ အရှိန်များနေသည်မို့ ကျွတ်နေသော လုံချည်လွှတ်၍ ဘရိတ်လှမ်းဆွဲသေးသည်။ သို့သော် မမီတော့။

"ဒုန်း"

"အား"

အစကတည်းက ထိုင်ခုံလက်နှစ်သစ်ပေါ် ဝပ်ထိုင်နေရသော ငတီ။ ပြိုင်ဘီးရှေ့ဘီးအဆောင့်မှာ လေထဲမြောက်ခနဲ။

လေထဲမှာ စက်ဘီးနင်းနေသည့်ပုံအတိုင်း ကွေးကွေးကြီးနှင့် ပြုံးပြုံးကြီး။ စက်ဘီးနှင့်လုံချည် ဟိုနေရာမှာပင် လဲကျကျန်ခဲ့ပြီ။

အရှိန်မည်မျှပြင်းသည်မသိ။ ငတီက အတော်ဝေးဝေးထိ ကားဘေးကပ်ပါလာသေး၏။ သူ့ခမျာလဲ ရလိုရညား လက်နှစ်ဖက် ဘေးထုတ်၍ ကွေးကွေးကြီး ပျံကြည့်သေး၏။ သူ့ကိုယ်သူ ငှက်ထင် သွားပုံလဲရ၏။ သို့သော် မရတော့။

"ဒုန်း"

"ဗွမ်း"

www.burmeseclassic.com



"ဟာ"

လမ်းဘေးရေစပ်စပ် ပွက်အိုင်သို့ ခေါင်းကြီးရှေ့စိုက်၍ ဖင်တုံးနှစ်တုံးကြီးပြောင်၍ သတိမေ့ငြိမ်သက်နေလေတော့သည်။

"ဟဲ့ ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

× × ×





မိတ်ဆွေ။

မိတ်ဆွေတို့၏ ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော နေ့တစ်နေ့ပဲ ဆိုပါတော့။ ထိုနေ့မျိုး၌ မိတ်ဆွေတို့၏အရှေ့တည့်တည့် ခပ်ပြင်းပြင်းနေရောင်ခြည်အောက်မှာ အမာရွတ်များ ပြည့်နှက်နေသော မှိုတက်နေသော အကွက်ကြီးများနှင့် ဖင်တုံးကြီးနှစ်တုံးတို့ ပြောင်ပြောင်ကြီးကုန်းပြနေသော အကျီပန်းရောင် ပိန်ချောင်ချောင်ကောင်တစ်ကောင် ရှိနေမည်ဆိုပါက မည်သို့ခံစားရမည်နည်း။

ကိုယ်ချင်းမစာ၍ ပြောနေခြင်းမဟုတ်။ လောကကြီး၌ မသင်မှတ်သည်များ ဖြစ်တတ်ကြောင်းကို ကြုံတွေးကြုံတွက်ကြရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ခါးဝတ်ပုဆိုးဆိုသည်မှာ အကျင့်သီလလိုမဟုတ်၊ အချိန်မရွေး ကျွတ်တတ်၊ ချွတ်တတ်သည်ကို သတိပြုသင့်သည်။

ယခုတော့ ဒါလေးပင် သတိမထားမိဘဲ ပုဆိုးကျွတ်ရလောက်အောင် ချစ်ပြသည်ဟု ဆင်ခြေပေးလဲ သဘာဝကျတော့မည် မဟုတ်။ မည်သူကမှလဲ ခွင့်လွှတ်တော့မည်မဟုတ်။

ပြီးတော့ ကြည့်ပါဦး။

ကိုယ့်ရှေ့မှာ ကလေးငယ်တစ်ယောက်ရဲ့ ဝကစ်ကစ်ဖင်တုံးလေး၊ သန့်သန့်ရှင်းရှင်း လှလှပပလေး မြင်နေရလို့ရှိလျှင်တောင် ချစ်လွန်း၍ ပြေးနမ်းချင်နမ်းလိုက်ဦးမည်။

ယခုတော့ ထိုသို့မဟုတ်။

မီးကျွမ်းနေသောပေါင်မုန့်အသီးလို ရှုံ့တွတွနှစ်တုံးပေါ် မြီးညှောင့်ရိုးနေရာမှစ၍ မှိုတက်နေပြီး ဖိထိုင်မိနေသော နေရာနှစ်ဖက်၌ လက်မနှင့်လက်ညှိုးတစ်ဝိုင်းစာစီခန့်မှာ ပိုမဲနေသော ဂျွတ်ကွက်နှစ်ကွက်က အကွက်ချမြေတိုင်းညှိသလို ရှိနေပြီး ငယ်စဉ်က ချောင်းထဲမြောင်းထဲ ကမြင်းခဲ့ခြင်းကြောင့် ပေါက်ရောက်ခဲ့ဖူးသော တစ်ခါက ဝဲစို၊ ယခုဝဲခြောက်များလဲ စပါးခင်းထဲရောက်ရာပေါက်ရာ ဖျိုးကျဲချထားသလို ဟိုတစ်စ ဒီတစ်စ ရှုံ့တွနေ၏။ ထို့အပြင် ပတ်ဝန်းကျင် မကျေနပ်၍ ဖင်လှန်နှုတ်ခဲ့သော အမှတ်တရ အနာရွတ်ဟောင်းများ သည်ကြားထဲ ခါချဉ်ရန်၊ ပုရွက်ဆိတ်ရန်နှင့် အခြားယားယံစေသော ပိုးမွှားရန်များကို ကုတ်ချေရင်းဖြစ်ပေါ်လာသော အဖုအပိန့် အသစ်စက်စက်များ။ လူလစ်လျှင် ဖင်အမြဲကုတ်နေရသော လူစားများ၌သာ ရှိတတ်သော ကြာဆူးသဏ္ဍာန် မှိုပွင့်စိုများနှင့် အခြား မမြင်သင့်မမြင်အပ်သော တဟီရ အနာစို အနာစက်များ။

ထိုအားလုံး၏အလည်ခေါင်တည့်တည့်၌ အနှစ်မရှိသောတော၌ ကြက်ဆူပင်မင်းမူသလို ခပ်တည်တည် မင်းမူနေသော ရှစ်





ခေါက်ချိုးဒြာရ။

ကဲ မိတ်ဆွေ။ ဘယ်မှာလဲ ကျက်သရေ။ ကျွန်တော်ပင် မဟုတ်။ အခြားလူကပါ ကျက်သရေချို့တဲ့ရှာပြီး

"ဟယ် ဟိုသူငယ်လေးဖင်က ဘယ်လိုကြီးတုန်း"

ကားပေါ်မှ အဒေါ်ကြီးတစ်ယောက်က ထအော်သည်။ ဒါကို အခွင့်ရပြီမို့ ကျွန်တော်လဲ ဝမ်းသာအားရပင်

"ဟားဟား အဲဒါ ဖဲသမားဖင်၊ ဖဲသမားဖင် ဟားဟား"

အားလုံး ကျွန်တော့်ရဲ့ အသံကျယ်ကျယ်ကြောင့် ဝေ့ကြည့်ကြသည်။ ဒါကို တစ်ယောက်က မျက်မှောင်ကြုတ်ရင်း

"ဘာကိုကြည့်ပြောတာတုန်း မောင်ရင်ရဲ့"

"ဟော ဟိုဖင်နှစ်ဖက်မဲမဲအလည်မှာ မှိုတက်နေသလို၊ လက်မနဲ့ လက်ညှိုးဝိုင်းသလောက် အကွက်ကြီးတွေ့လား၊ အဲဒီအကွက်ကြီးက တစ်နေကုန်တစ်နေခမ်း မထတမ်း ဖဲရိုက်နေတဲ့လူတွေ

ဒါကတော့
မင်းသမီးတွေရဲ့ဖင်မျိုးပါ၊
သူတို့က ဇကေးနဲ့
လိုရှင်းတွေလိမ်းပြီး
ပြောင်တင်းအောင်
လုပ်ထားကြတာပါ၊
အသေအချာ မလှေ့လာရင်
ကလေးဖင်နဲ့
မှားတတ်ပါတယ်





www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြစ်တတ်တဲ့ အကွက်မျိုးဗျ၊ အကွက်ကလဲ တညီတညာတည်းဆို တော့ သေချာပါတယ်၊ ဒီကောင် ဖဲသမား"

ကျွန်တော်ရှင်းပြလိုက်သည်။ ဟိုကောင်မကတော့ မျက်နှာ အပျက်ပျက်အယွင်းယွင်း။ ကားကလဲ ရပ်ထားသည်မို့ စိတ်ရှည်လက် ရှည် ရှင်းပြလို့ရ၏။

"ဟဲ့ အဲလိုမဟုတ်ဘဲ တစ်နေကုန်တစ်နေခမ်း လက်ဖက် ရည်ဆိုင်ထိုင်ပြီး ဟောင်ဖွာဟောင်ဖွာ လုပ်နေသူလဲ ဖြစ်နိုင်တာပဲ"

အဒေါ်ကြီးတစ်ယောက်၏အမေး။ ကျွန်တော်ပြုံးလိုက်သည်။

"အဲဒါမျိုးက ဖင်ချည်းကြည့်လို့မရဘူး၊ ခြေမျက်စိနဲ့ပါ တွဲ ကြည့်ရတယ်၊ လက်ဖက်ရည်ဆိုင်ထိုင် ဟောင်ဖွာဟောင်ဖွာနေသူ တွေဟာ ခုံပေါ်ထိုင်ရတဲ့အတွက် ဖင်ကလွဲပြီး ကျန်တဲ့နေရာ မမဲပါ ဘူး၊ ဒီဖင်ပိုင်ရှင်ရဲ့ ခြေမျက်စိဟာလဲ မဲပြီးဂျွတ်တက်နေတာ တွဲကြည့် ရင် ဖျာကြမ်းပေါ် တင်ပလ္လင်ချိတ်ပြီး မထတမ်း ဖဲကစားနေတယ် ဆိုတာ သိသာပါတယ်"

ကျွန်တော့်ရှင်းပြစကားကို ရပ်နေသော အဒေါ်ကြီးတစ် ယောက်က

"ဟယ် ဖင်ခဏာဆရာနဲ့ တွေ့နေပြီ၊ ဒါဆို အဒေါ့်ဖင်လဲ ဘယ်လိုဖင်မျိုးလဲ၊ ကြည့်ပေးပါလား"

ဆိုကာ ထဘီလာမနေ၍

"အို နေစမ်းပါဦးဗျ၊ အစားအသောက်ပျက်တယ်"ဟု တား ရသေး၏။ ဒါကို စပယ်ယာကပါ စိတ်ဝင်စားပြီး

"ဒါနဲ့ နေပါဦး ကိုယ့်ဆရာ၊ ဒါဟာ စက်ဘီးနင်းထားလို့ရော မဖြစ်နိုင်ဘူးလား၊ ပြိုင်ဘီးဆိုတော့လေ"

ကျွန်တော်ပြုံးရင်း

"မဖြစ်နိုင်ဘူး"





"ဘာလို့"

"ပြိုင်ဘီးရဲ့ ဖင်ထိုင်ခုံဟာ သေးပါတယ်၊ ရှည်ပါတယ်၊ ဒါ ကြောင့် ပြိုင်ဘီးရဲ့ ဖင်ထိုင်ခုံကြောင့်ဆိုရင် အသေအချာကြည့်ပါ၊ အဲဒီအဝိုင်းမဟုတ်ဘဲ အတွင်းဖက်မှာ အမြောင်းရှည်နှစ်ကြောင်း ရှိပါလိမ့်မယ်"

မရှိမရှာ စပယ်ယာက ဆင်းကြည့်သည်။ ပြီးနောက် လက်မ ထောင်ရင်း

"အိုင်ဆေး ကွက်တိပဲ"

သူ့စကားကြောင့် ကျွန်တော့်ကို ယုံကြည်မှု ပိုများလာ၏။ ဒရိုင်ဘာပင် ခရီးမဆက်တော့။

"ဒါဖြင့် ဒီလိုမြင်ရုံနဲ့ လူတွေကို ခန့်မှန်းလို့ရလား"

ကျွန်တော် အားတက်သွား၏။

"ရပါတယ်၊ ဖင်ကို အပိုင်းကြီးခွဲလိုက်ရင် အပိုင်းကြီး(၉)ပိုင်း ထွက်လာပါတယ်၊ အဲဒါတွေကတော့ ကလေးဖင်၊ ဈေးဖင်၊ စာရေးဖင်၊ စကေးဖင်၊ ပွေးဖင်၊ ဂေး(လ်)ဖင်၊ ဆေးဖင်၊ ဂျေးဖင်နဲ့ ဒလေးဖင်တို့ ပါပဲ"

အားလုံး လက်ချိုးပြီး လိုက်တွက်ကြသည်။ နောက်မှ တစ် ယောက်က

"ကလေးဖင်ကတော့ ထားပါတော့၊ ဈေးဖင်ဆိုတာက"

"ဈေးဖင်ဆိုတာက အခြေခံလူတန်းစားများရဲ့ ဖင်မျိုးပါ၊ မဲချင်မဲမယ်၊ အနာစိုအနာစက် ရှိချင်ရှိမယ်၊ ဒါပေမယ့် မဟုတ်တာ မလုပ်တဲ့အတွက် သူ့ဘာသာသူ ကြည့်ကောင်းပါတယ်၊ အဲ စာရေးဖင် လဲ ထိုနည်းလည်းကောင်းပါပဲ၊ ဒါပေမယ့် သူက ပိုအထိုင်များတော့ အကွက်ပိုကြီးပါတယ်"

"စကေးဖင်ကရော"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ မင်းသမီးတွေရဲ့ဖင်မျိုးပါ၊ သူတို့က စကောနဲ့ လိုးရှင်းတွေလိမ်းပြီး ပြောင်တင်းအောင် လုပ်ထားကြတာပါ။ အသေအချာ မလေ့လာရင် ကလေးဖင်နဲ့ မှားတတ်ပါတယ်"

"ဂျေးဖင်ကရော"

"ဒါကတော့ ထောင်ထွက်တွေရဲ့ဖင်မျိုးပါ၊ ဂျေးအောင်းပြီး ထောင်ထဲက ဝဲစိုဝဲစက်တွေကူးလာတဲ့ဖင်မျိုးပါ၊ တိုင်းရင်းသားတွေမှာဖြစ်တတ်တဲ့ပွေးဖင်နဲ့လဲ မတူပြန်ပါဘူး၊ သူက ပိုပြီးအကြည့်ရဆိုးပါတယ်၊ အခုမြင်နေရတာကတော့ ကမ္ဘာမှာ ရုပ်အဆိုးဆုံး ဒလေးဖင်မျိုးပါ၊ အရာရာကို ဒလေးဖြစ်နေသလို အကြိမ်ကြိမ်ပြုထားတဲ့ဖင်မျိုးပါ။ ဥပမာဆိုရရင် ဝဲဖြစ်ပြီဆိုရင်တောင် အကြိမ်ကြိမ်ပြန်ပေါက်ပြီး တစ်သက်လုံးကုမရတဲ့ ဖင်မျိုးပါ၊ ကြည့်ရ ကျက်သရေအတုံးဆုံးဖင်မျိုးပါ၊ သူက ဆေးဖင်လို ဆေးထည့်တိုင်းလဲ မပျောက်ပါဘူး၊ ရှိရင်းစွဲသည်ထာဝရ၊ တိုးတက်ဖို့သာ ရှိရတဲ့ ဖင်မျိုးပါပဲ။

ကျွန်တော်၏ ရှည်လျားစွာရှင်းပြခြင်းကို ကားတစ်စီးလုံးက

"တော်ပါပေတယ်"

ဆိုကာ ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံကြသည်။ ဖြူဖြူအောင်ကတော့ ခေါင်းပင်မထောင်တော့။

သိပ်မကြာပါ။ ပွက်အိုင်ထဲခေါင်းနစ်နေသော ငတိအူလည်လည်နှင့် ပြန်ထလာသည်။ နောက် ရှက်လွန်းလို့ထင့် သူမျက်နှာသူ ပွက်နှင့်သုတ်၍ ပြုတ်ကျကျန်ရစ်ခဲ့သော ပြိုင်ဘီးထံ လက်ကလေးအုပ်၍ ပြန်ပြေးသည်။

သူ့လုံချည်ကတော့ လဲကျနေသော ပြိုင်ဘီးလက်ကိုင်ပေါ် အလံလွှင့်သလို လွှင့်လို့။

"ဆွဲ ဆရာရေ့၊ ဒီနေ့တော့ ဗဟုသုတအပြည့်နဲ့ ခရီးဆက်ရမှာ"





စပယ်ယာအော်သံ။ ကားက ဝူးခနဲ မောင်းထွက်သွား၏။ စိတ်ထဲလွတ်လပ်ပေါ့ပါးသွား၏။

ဖြူဖြူအောင်မှာ ကျွန်တော့်ကိုမကြည့်တော့။ ဘယ်မှလဲ မကြည့်တော့။ ကျွန်တော်လဲ သူ့ကိုမကြည့်တော့။ ကြည့်လဲမကြည့်ချင်တော့။ ဒီလိုကောင်မျိုးကို ကြိတ်အသည်းယားသည်ဆိုသော သူမကို အထင်လဲကြီး၍မရတော့။ စဉ်းစားကြည့်လေ။ ဒီလိုကောင်မျိုးနဲ့ကတော့ ပြိုင်လိုက်ချင်သေး။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဤအကြောင်းကိုသိသွားသော ချက်ဖောင်းက အိမ်ရှေ့၌ နောက်တစ်နေ့ဆိုင်းဘုတ်တင်သည်။

အမိဝမ်းတွင်းပါ ဖင်ခဏာဆရာကြီးကိုကြည်

မိတ်ဆွေတို့၏တင်ပါးကို လှပ်ကြည့်လိုက်ရုံနှင့် သင် ဘယ်လို လူမျိုးဖြစ်သည်။ သင်ဘာကိုကြိုက်နှစ်သက်သည်။ သင်ဘာအလုပ် လုပ်သည်ဆိုသည်ကအစ ဒက်ထိဟောပြောနိုင်သူဖြစ်သည်။

သင့်ချစ်သူက ဘယ်လိုလူစားမျိုးဆိုသည်ကို သိချင်သလား။ လုံချည်အလှပ်မှာပင် တပ်အပ်မှချပြောနိုင်သည်။

အမျိုးသမီးအခမဲ့။

× × ×





ထိုနေ့မှစ၍ သူတို့ဈေးဆိုင်ဖက် ခြေဦးမလှည့်တော့။

သူမနှင့် လမ်းမှာ တစ်ခါဆုံတော့ ပြုံးတုံ့တုံ့လုပ်ပြီး

"ဘယ်သွားမှာလဲ"

ဆိုပြီးမေးရှာပါသည်။ ပြန်မဖြေတော့။ လောက၌ ကျွတ် သရေအကင်းမဲ့ဆုံး ဖင်ပိုင်ရှင်ကိုမှ အသည်းယားပြသော သူမတို့ ဘယ်လိုမှ အထင်ကြီး၍မရတော့။

သူနှုတ်ဆက်တာကလဲ အကြောင်းရှိနိုင်သည်။

ဤမျှလောက်အကဲ့ရဲ့ဆိုးသောသူ။ သူ၏ဖင်လဲ မည်သို့ရှိ သည်ကို စူးစမ်းလို၍လည်း ဖြစ်နိုင်ပါသည်။ ကျွန်တော်ကရှုမစိုက်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ဟိုကောင်နှင့်စာလျှင် နွားချေးရေဖျော်နှင့် ထုံးအိုးလို ကွာခြားနေပေလိမ့်မည်။

ဤမျှလောက် အဆင့်အတန်းကွာခြားလှပေမည်။ လောက၌ ငွေချည်းအဓိကမဟုတ်။ ပြိုင်ဘီးလဲ အဓိကမဟုတ်။ ထိုအရာများ အဆင့်အတန်း ကွာခြားလှလျှင်လဲ ပေါင်းဖက်ရန်မလွယ်။

လူတစ်ယောက်၏ အတွင်းစိတ်ကို အစ်အောက်မေးကြည့်၍ သိရနိုင်သည်။ ဘယ်လိုမှအစ်အောက်၍ မရနိုင်သော(မမြင်နိုင်သော) မမြင်နိုင်ဘဲ အိမ်ထောင်ပြုမိလို့ကတော့ တစ်သက်လုံး ထိုင်ရွှံ့နေပေရော့။

တချို့ကလဲ မျက်နှာပေါ်မှ သနပ်ခါး ပါးနီကိုသာ ကြည့်ကြ၏။ ကျွန်တော်ကား ထိုသို့လူစားမဟုတ်။ ငွေဘယ်လောက်ရှိရှိ ထိုသို့ဖြစ်နေလျှင် အဆင့်အတန်းကို ခွဲခြားထားခဲ့ပေသည်။

ငွေမရှိသော်ငြား ဤအရာကား ဇာတ်နိမ့်၏။ ဤအရာကား ဇာတ်မြင့်၏ဟူ၍ တစ်သက်လုံး နောင်တရနေရမည့် အရာဟူ၍လည်းကောင်း။ အလွယ်တကူဆိုရလျှင် အနူဖင်နှင့်လူဖင်နှင့်ဟူ၍ နှစ်ပိုင်းခွဲခြားလိုက်ပါတော့သည်။ (မှတ်ချက်။ ။အိမ်ထောင်ပြုလျှင် ဂရုပြုရန်)

× × ×





ဤကဲ့သို့ အောင်မြင်စွာဖြင့် တပ်လန်ခဲ့ပြီးသကာလ နောတ်တစ်ခွင်ကို ထပ်မံဆင်ရပြန်သည်။

"အမှန်တော့ ကိုကြည် တကယ်ကြီးနစ်မှားတာဗျ"

သန်းဇော်က ဆို၏။ ဘာမဆိုင်ညာမဆိုင်စကားကြောင့် ကျွန်တော် မျက်မှောင်ကြုတ်မိရင်း

"ဘာပြောတာလဲကွ"

သန်းဇော်က ပုံရေးလက်စခဲတံကို ဘေးချပြီး

"အခုခေတ်က ကောင်မလေးတစ်ယောက်ကိုရဖို့ကို အဲဒီလို ဘတ်စ်ကားတစ်တန်၊ ကုန်းကြောင်းတစ်တန် လိုက်နေစရာမလိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူး"

"ဘယ်လို"

သူ့စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွား၏။ ဒါကို သန်းဇော်က သူ့မေးမွေးကို သူပြန်ဆွဲရင်း

"ဟုတ်တယ်၊ အချိန်ကုန်ခံပြီး ကောင်မလေးနောက်ကို လိုက်၊ ပြီးရင် ပါးချခံရမှာလား၊ ပြန်ကြိုက်မှာလား၊ ငါးဆယ် ငါးဆယ် မျှော်လင့်ချက်နဲ့ တစ်နှစ်လောက်စောင့်၊ ပြီးမှ အဖြေရ။ အဲ အဖြေရတော့လဲ ထဘီအလှပ်မှာ လေဖြတ်လို့ရတဲ့သူမျိုးဖြစ်နေ၊ ကျွတ် စိတ်ညစ်စရာကောင်းတယ်"

သန်းဇော်က သူ့ဘာသာသူပြောပြီး ခေါင်းခါသည်။ ကျွန်တော်ကသာ သိချင်စိတ်နှင့်

"ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲဟင်"

သန်းဇော်က တစ်ချက်ပြန်ကြည့်ပြီး

"ကာရာအိုကေသွား"

သူ့စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားရ၏။

"ဟင် ကာရာအိုကေသွား၊ ဟုတ်လား၊ ကာရာအိုကေဆိုတာ လွယ်တာမှတ်လို့၊ တချို့ဆို ကာရာအိုကေက ကောင်မလေးတွေ ပန်းကုံးစွပ်ရင်း မွဲသွားတဲ့သူတွေ မနည်းဘူးနော်"

"ဟဲဟဲဟဲ"

သန်းဇော်က ခပ်ဟဟရယ်သည်။

"အခုက အဲဒီကာရာအိုကေ ပြောတာမဟုတ်ဘူး"

"ဘယ်လို"

"အခုခေတ်မှာ အဲဒါမျိုးကို စင်တင်ကာရာအိုကေခေါ်တယ်၊ အဲဒီစင်တင်က ပန်းကုံးချရ၊ စကားပြောရနဲ့ အချိန်ကုန်ငွေကုန်များတယ်၊ ကျွန်တော်ပြောတာက အခန်းတွင်းကာရာအိုကေ"





"ဟေ အဲလိုလား"

ကာရာအိုကေခေတ်ကြီး ပြောင်းတာတောင် မသိလိုက်။ ဟိုးအရင်ကတော့ အရက်ဆိုင်ဆိုတာ အရက်ချည်း သီးသန့်ရောင်းကြတာပါ၊ နောက်တော့ တစ်ခေတ်ဆန်းပြီး အမျိုးသမီးစားပွဲထိုး။ ထိုမှတစ်ဆင့် ထိုစားပွဲထိုးများနှင့် သီချင်းဆိုကြရင်း စင်တင်ကာရာအိုကေ။ ယခုတော့ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်ပြီး အခန်းတွင်းကာရာအိုကေတဲ့။

"ဘယ်လို ဘယ်လိုဂလုရမှာလဲဟင်"

သီချင်စိတ်က တံတွေးပင်မြိုမကျ။

"လွယ်ပါတယ်၊ ဆိုင်ထဲဝင်သွား၊ အခန်းတစ်ခန်းယူလိုက်"

"အခန်းခက"

"တစ်နာရီ နှစ်ထောင့်ငါးရာ"

"နှစ်ထောင့်ငါးရာတောင်"

သန်းဇော်

ဆိုသည့်ကောင်က

ကျွန်တော့်လို

ဆံပင်ရှည်ရှည်နှင့်

ရုပ်က

ဂျွန်နှင့်မြေပါ

ဝင်ကျထားသည့်

ရုပ်မျိုး။





www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံမရှိသူမို့ ထိုငွေပမာဏက မျက်လုံးပြူးစရာ။

"အဲဒါအနည်းဆုံး"

"အဲ ထားပါတော့၊ နှစ်ထောင့်ငါးရာပေးပြီးရင်"

"ကောင်မလေးတွေခေါ်လိုက်၊ သူတို့ဘာသာသူတို့ လာလိမ့်မယ်၊ အဲဒီထဲကမှ စိတ်ကြိုက်ရွေး"

"ရွေးပြီးရင်"

"သီချင်းဆိုချင်ဆို၊ မဆိုချင်လဲ စိတ်ကြိုက်စည်းရုံး"

"ဟုတ်ရဲ့လား"

"ချက်ဖောင်းတောင် တစ်ယောက်ကြည်နေပြီ"

မီးဖိုချောင်မှာ မီးမှုတ်နေသော ချက်ဖောင်းပင် ကော်လံထောင်ပြ၏။

"ပြီးရင် မုန့်ဖိုးငါးရာတစ်ထောင်လောက် ကြည့်ကျက်ပေးလိုက်ပေါ့ဗျာ၊ အဆင်ပြေရင် ဆက်လုပ်၊ အဆင်မပြေရင် နောက်တစ်ယောက်ပြောင်း၊ ငတွတ်တောင် သုံးယောက်ရှိပြီ"

"ဟယ်"

ဘာကြောင့် ကိုယ်တစ်ယောက်တည်း ခေတ်နောက်ကျန်ခဲ့မှန်းမသိ။

"ဟူး ဒါမျိုးက ကျန်းမာရေးကောင်းတုန်းလေး လုပ်ထားရတာ၊ လွယ်တာမဟုတ်ဘူး၊ ဟူးဟူး"

ငတွတ်၏ သရော်တော်တော်အသံ။ အောင်မာ။ ရေမချိုးတဲ့ရွာသားက ဒီအသံထွက်လို့။ ဒီကောင်တောင် သုံးယောက်ပြောင်းပြီဆိုတော့ ကိုယ်ကရော ဘာမို့လဲ၊ တစ်ယောက်မဟုတ် တစ်ယောက်တော့ ရအောင်လုပ်ရမှာပေါ့။ ဟုတ်ဘူးလား။ ထို့ကြောင့် အားတက်ပြီး

"အေး ဒါဖြင့် ပိုက်ဆံစုမယ်၊ ပြီးရင် ကာရာအိုကေသွားမယ်"





ကျွန်တော့်၏ဆုံးဖြတ်ချက်။ ဒါကို ငတွတ်က

"နေဦးဗျ၊ ခင်ဗျား ဒီပုံအတိုင်းသွားရင် ဘယ်ကောင်မလေးမှ အနားကပ်ခံမှာမဟုတ်ဘူး"

"ဘာလို့"

"ကောင်မလေးတွေက ဂေါ်မယ်ပွေးမယ်ဆိုတဲ့ပုံမျိုးမှ အထင်ကြီးတာ"

"ဒါ ဒါဆို"

"ခင်ဗျားမျက်နှာ ဖရိုဖရဲကြီးနဲ့တော့ မဖြစ်ပါဘူးဗျာ၊ အဲဒါပေမယ့် သန်းဇော်လို နားတွေဘာတွေဖောက်လိုက်ရင်တော့ ရုပ်တက်လာမယ်၊ ဟိုလေ၊ ရွှေနားကပ်အတုတွေ ဘာတွေ တပ်လိုက်ရင်ပေါ့"

ကျွန်တော် သန်းဇော်ကို ပြန်ကြည့်မိသည်။ မှန်ပေသည်။ ဒီသန်းဇော်ဆိုသည့်ကောင်က ကျွန်တော့်လို ဆံပင်ရှည်ရှည်နှင့် ရုပ်ကဂျုန်နှင့်မြွေပါ စပ်ကျထားသည့်ရုပ်မျိုး။ တစ်နေကုန်သွားကြားထိုးတံတစ်ချောင်းနှင့် တစိမ့်စိမ့်ကြည့်ပြီး ထောက်လျှင်တောင် သွားကြားထိုးတံတစ်ထောက်စာ ချစ်စမွေးမရှိ။ သို့သော် နားပေါက်ဖောက်ပြီး ကော်နားကပ်အနီကြီးတပ်ထားသည်ဆိုတော့ ဂေါ်ရှာသည်။

"မင်းတို့ထက်ဂေါ်လို့ ကော်နားကပ်တပ်ထားတာ"

ဆိုသည့်ရုပ်မျိုး။ ဒါလေးတယမ်းယမ်းနှင့်ဆိုတော့ မျက်နှာကြီး ဖရိန်စောင်းနေတာ၊ ဂျုန်လို သွားတွေ တစ်ပြုံတစ်မ ငေါ်ထွက်နေတာ၊ မြွေပါလို မျက်ခုံးကြီးငေါ်ပြီး အောက်စိုက်နေတာ၊ နှုတ်ခမ်းဝမှာ အမွေးတချို့ ထိုးထိုးထောင်ထောင် ထွက်နေတာ၊ စသည့် စသည့် ပြစ်ချက်ပေါင်း ရာချီတို့က ကော်နားကပ်အနီအောက် ပျောက်သွားသယောင်။ သူ့ကိုကြည့်၍ ကျွန်တော်လဲအားတက်ပြီး

"အေး ငါလဲ နားဖောက်ချင်တယ်ကွာ၊ သန်းဇော်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



နားဖောက်တာ ဘယ်လောက်ပေးရလဲ"

သန်းဇော်က သူ့နားသူပြန်စမ်းရင်း

"ဒါက ဖြူတီစလွန်းမှာ ဖောက်ထားတာဗျ၊ တစ်ပေါက် နှစ်ထောင့်ငါးရာလားပဲ"

တစ်ဆက်ရှင်ကြေးပင်။ ထိုမျှလောက်များသောငွေကြေးကို မပေးနိုင်။ ဘယ်လိုလုပ်ရမှန်းလဲ မသိ။ ထို့ကြောင့်

"အေး နားတစ်ပေါက်က ကာရာအိုကေ တစ်ဆက်ရှင်ကြေး ဖြစ်နေပြီ၊ အဲဒီလောက်တော့ မတတ်နိုင်ဘူးကွာ၊ ဘယ်လိုလုပ်ရမလဲ"

"ကျုပ်ဖောက်ပေးမယ်"

ချက်ဖောင်းစကား။ ကျွန်တော်လဲ လှည့်ကြည့်ပြီး

"မင်း မင်းဖောက်တတ်လို့လား"

"ဒီလိုပဲ ရမ်းသမ်းဖောက်ရတာပေါ့၊ ဘာခက်တာမှတ်လို့ အပ်နဲ့ထိုးထည့်လိုက်ရင် ပေါက်ပြီပဲ"

ဖိနပ်အသစ်
ဝယ်မစီးနိုင်၍
ဖိနပ်ချုပ်အပ်
ထားရခြင်းဖြစ်၏။
ယခုတော့
ထိုဖိနပ်ချုပ်အပ်က
အဆင့်တက်၍
နားထွင်းအပ်ဖြစ်ပြီ။







ဟုတ်သား။ သူပြောတော့ အလွယ်လေး။ နားရွက်ကလေးကို ကိုင်၊ အပ်ကလေးနဲ့ စွပ်ဆိုဖောက်လိုက် ပေါက်ပြီပဲ။

"အေး လွယ်တော့အလွယ်သား၊ ဒါနဲ့ အပ်က"

"အိမ်မှာ ဖိနပ်ချုပ်တဲ့အပ် ရှိတာပဲ၊ အဲဒါနဲ့ပဲ ကစ်လိုက်ရအောင်"

ချက်ဖောင်းက မီးဖိုဘေးဆောင့်ကြောင့်ထိုင်ရင်းပြောသည်။

"ဟင် အဲလိုလား၊ ငါ ငါ အပ်သွားဝယ်"

"မဝယ်နဲ့ အဲဒီအပ်တွေက သေးတယ်၊ ဖောက်ပြီးလဲ အပ်ချည်ကြိုးလောက် ထိုးရမှာ၊ ဖိနပ်ချုပ်အပ်ကမှ အနေတော်၊ တစ်ခါတည်း နားကပ်က စွပ်ထည့်ရုံပဲ"

"သိပ်တော့ မသတီဘူးကွနော်"

"ဩော် ဒါက ဖိနပ်တစ်မျိုးတည်းချုပ်တာပဲ၊ သန့်ပါတယ်"

"အေး အေး သန့်ရင်ဖြင့်လုပ်ကွာ"

ကိုယ်ကလဲ ဂေါ်ချင်ပွေးချင်နေသူမို့ လက်ခံလိုက်သည်။ အမှန်တော့ အိမ်မှာက ဖိနပ်ပြတ်သွားလျှင်၊ ဒါမှမဟုတ် ပြတ်ခါနီးမှန်းသိလျှင် ဖိနပ်အသစ် ဝယ်မစီးနိုင်၍ ဖိနပ်ချုပ်အပ် ထားရခြင်းဖြစ်၏။ ယခုတော့ ထိုဖိနပ်ချုပ်အပ်က အဆင့်တက်၍ နားထွင်းအပ်ဖြစ်ပြီ။

ချက်ဖောင်းက ဖိနပ်အစုတ်ပုံကြားထဲ ပစ်ထည့်ထားသော ဖိနပ်ချုပ်အပ်ကိုရှာသည်။

"ဟော ဒီမှာတွေ့ပြီ"

အပ်ကြီးက အတုတ်ကြီး။ အပ်ချုပ်အပ်လို သေးသေးသွယ်သွယ်မဟုတ်။ ဖိနပ်သားရေကိုဖိပြီး ပေါက်အောင်ဖောက်ရသည်မို့ အပ်ကားကြီး၏။

"မီး မီးလေး ဘာလေး ကင်ဦးလေဟာ၊ ပိုးသေအောင်"

တကယ်ပဲ အပ်ကို မီးဖိုထဲပစ်ထည့်လိုက်သည်။ တစ်မိနစ်တည်း



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ပြီးသား။ ဤအပ်မှ ပိုးမသေလျှင် ဘယ်အပ်က ပိုးသေမည်နည်း။

ခဏနေတော့ ချက်ဖောင်းက အပ်ကို တဖူးဖူးမှုတ်ရင်း မီးညှပ်နှင့် ပြန်ကလော်ထုတ်လာသည်။

နောက် လက်နှိုးစုတ်နှင့်ကိုင်ရင်း

"ရပြီဗျ၊ ဖောက်လို့ရပြီ၊ ဟီဟိ"

အရေးထဲ အူရှင်နေသေးသည်။ ဒါကို ကျွန်တော်က

"ရှောရှောရှုရှုဖြစ်အောင် ဆီသုတ်ဦးဟ"

ချက်ဖောင်းက ကျွန်တော့်ကိုကြည့်ပြီး

"ခင်ဗျားမျက်နှာမှာ အဆီချည်းပဲဟာ၊ မျက်နှာပေါ်ကအဆီနဲ့သုတ်ရင်တောင် ဖြစ်ပါတယ်"

"ဟာ မလုပ်ပါနဲ့၊ ဟင်းချက်တဲ့ဆီနည်းနည်းယူပါ"

ဖြစ်ချင်တော့ အိမ်မှာက ခေါင်းဖီးတဲ့သူတောင် ခပ်ရှားရှားမို့ ခေါင်းလိမ်းဆီတို့ အုန်းဆီတို့မရှိ။ ထို့ကြောင့် ဟင်းချက်ရန်ဟန်ပြထားသော နှစ်ကျပ်ခွဲသား ဆီပုလင်းကို ယူလိုက်ရသည်။

ချက်ဖောင်းက နားရွက်ကို ဆီဖြင့်ပွတ်သည်။ အပ်ကလဲ တရွှယ်ရွှယ်။ ကျွန်တော်လဲ စိုးရိမ်ပြီး

"ဟေ့ကောင် ဖြစ်မှလဲလုပ်ဦးနော်၊ တော်ကြာ ချော်သွားမှဖြင့်"

ချက်ဖောင်းက ပြုံးပြီး

"ဖြစ်ပါတယ်ဗျ၊ ရွာမှာ တိရစ္ဆာန်တွေ ကျွန်တော်ပဲ ဆေးထိုးလာတာ"

ကြားရတာကိုက အားရစရာ။

ဆီရွှဲသွားတော့မှ ချက်ဖောင်းက နားရွက်ကိုင်ပြီး

"ကဲ ဆော်ထည့်လိုက်တော့မယ်"

ကျွန်တော်လဲ အားတင်းပြီး မျက်လုံးမှိတ်ကာ





"ဆော်ကွာ"

ကျွန်တော့်ခွင့်ပြုချက်ရသည်နှင့် ချက်ဖောင်းက နားရွက်ကို မနာကျင်စေရန်အတွက် ထူပူအောင်ပွတ်ရင်း

"ကဲ ထိုးပြီ"

"စွပ်"

နားရွက်ကို အပ်ဖြတ်သွားသောအသံ။ ထို့အတူ

"အား"

ကျယ်လောင်စွာ ထွက်ပေါ်လာသောအသံနက်။ ကျွန်တော်အော်ခြင်းမဟုတ်။ မရဲတရဲ မျက်လုံးဖွင့်ကြည့်တော့

"အား"

မျက်လုံးကြီးပြူးပြီး တက်မတတ်အော်နေသော ချက်ဖောင်း။ နားရွက်အဖောက်ခံရသော ကျွန်တော်က မအော်ဘဲ နားရွက်ဖောက်သောသူက ဘာကြောင့်ထအော်မှန်းမသိ။ ထို့ကြောင့်

"ဟေ့ကောင် မင်း ဘာလို့ သံကုန်ဟစ်အော်နေရတာလဲ"

ဟုအမေးကို ချက်ဖောင်းက ကျွန်တော့်နားရွက် အနောက်ဘက် လက်ညှိုးထိုးပြရင်း

"အား"

ကြည့်လိုက်တော့

"ဟာ"

"အား"

ဖြစ်ချင်တော့ ချက်ဖောင်းက ကျွန်တော့်နားရွက်ကိုင်ပြီး အပ်နှင့်ထိုးစိုက်လိုက်တော့ အပ်က နားရွက်ကို ထုတ်ချင်းပေါက်ကာ နားရွက်အနောက်တွင် ခံထားသော သူ့လက်မထဲ ဖိနပ်ချုပ်အပ်ကြီး စိုက်ဝင်နေ၍ဖြစ်သည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



လက်မကြား အပ်ဝင်နေ၍ ချက်ဖောင်းမှာ မည်မျှနာကျင်နေသည်မသိ။ သံကုန်ခြစ်အော်နေသည်။ ဒီကြားထဲ အပ်က မီးဖုတ်ထားတာဆိုတော့ အငွေ့တွေပါ တထောင်းထောင်းနှင့် ညှော်နံ့ပင်သင်းနေ၏။

"လုပ်ကြပါဦး၊ ပြန်ဆွဲထုတ်ကြပါဦး၊ အား"

အားလုံးပြေးလာပြီး ပြန်ဆွဲထုတ်မှ အပ်ကထွက်သည်။

ထိုဖိနပ်ချုပ်အပ်ကောင်းမှုနှင့် ကျွန်တော်က နားပေါက်တစ်ပေါက်၊ ချက်ဖောင်းက လက်မ၌ ပတ်တီးတစ်ခု ရသွားလေတော့၏။ ဘုရင့်နောင်ကိုလဲ ကိုယ်ချင်းစာမိသွားသည်။

× × ×



BURMESE CLASSIC .com



ညနေစောင်းကတည်းက မောင်းတင်လိုက်သည်မှာ မှောင်ရိပ်သန်းတော့ အတော်ကလေးကို ဒေါင်ချာစိုင်းနေပေပြီ။ မည်မျှဆိုသော် ကိုယ့်ကိုကိုယ်တောင် ကျက်သရေမရှိလို့ မကြည့်ဖြစ်ခဲ့သောမှန်ပင် ပြန်ကြည့်၍ ကိုယ့်ကိုကိုယ် ပြန်ကြည်ညိုချင်နေပေပြီ။

မိတ်ဆွေတို့လဲ သိသည့်အတိုင်း ကျားအချင်းချင်းဆိုလျှင်ရွံလွန်း၍ မှန်ပင်မကြည့်ခဲ့သောကျွန်တော်သည် ယခုတော့ မှန်ကြည့်ဖြစ်ပေပြီ။

အလဲ့။ ဆံပင်ရှည်ရှည်ကြား တလက်လက်ဖြစ်နေသော မှန်စီရွှေချ ဖန်စီနားကပ်ကပင် အရောင်ထွက်ပြီး ပါးပြောင်နေသောင်း



www.burmeseclassic.com

www.burmeseclassic.com



ခေတ်ကိုက စိန်နားကပ်မလို ဖန်စီနားကပ်နှင့်ပင် ပါးပြောင်နေသောခေတ်ကိုး ပရိသတ်ရဲ့။

ညမှောင်မှောင်၊ အခန်းမှောင်မှောင်မှာ တွေတ်လိုကောင်ကတောင် သုံးကျောင်းပြောင်းထားပြီဆိုတော့ ကျွန်တော်ကရော ဘာမို့လဲ။ ဆံပင်ရှည်ရှည် မှုံတေတေနဲ့ ပန်းဆိုးတန်းတစ္ဆေပဲ။ အလိုလို တွဲရရွဲကျနေသော ဆံပင်အကွဲများကြား ဘယ်တော့မှ အသုံးမတဲ့သော ခွေးသူခိုးမျက်လုံးကိုဖြကားညှို့လိုက်လျှင် တစ်ယောက်ယောက်တော့ ညှို့ပါလာလောက်ရဲ့။

"ဘယ့်နှယ်လဲ အိုကေပြီလား ကိုကြည်"

မျိုး၏အမေး။ ကျွန်တော်က လက်ကျန်ခွက်ကို မော့ချလိုက်ပြီး

"နေရာယူဖို့ပဲ လိုတယ်၊ လူက အဆင်သင့်ဖြစ်နေပြီ၊ မောင်းကတော့ တင်ထားပြီးပြီ၊ ပစ်နိုင်ပုန်းနိုင်ဖို့ပဲ လိုတော့တယ်"

"အဲဒါပြောတာ မဟုတ်ဘူး၊ ပိုက်ဆံပြောတာ ပိုက်ဆံ"

ကျွန်တော်ပြုံးလိုက်သည်။

"ဘာမှမပူနဲ့၊ ဖိနပ်ဝယ်ဖို့ စုထားတာလေးတွေ ရှိတယ်၊ အဲဒါကို ဖိနပ်မဝယ်တော့ဘဲ မိန်းမဝယ်ဖို့ပဲ သုံးလိုက်တော့မယ်၊ ဟီဟိ"

ကျွန်တော့်စကားကို တေီများ သဘောကျသွားသည်။ ဟုတ်ပေသည်။ ခဏခဏပြတ်တတ်သော အပေါစားဖိနပ်အစား ဖိနပ်အကောင်းတစ်ရန်ဝယ်စီးရန်အတွက် ဒီဇိုင်းလက်တို့အောင်ကပ်ပြီး စုထားသောငွေယားလေးများရှိသည်ပဲ။ အခုတော့ ဖိနပ်အသစ်ဝယ်မနေတော့။ ယခုစီးထားသော ဖိနပ်ကိုပင် ပြတ်ကာနီးပါက ခုနနားထွင်းအပ်ဖြင့် ဂဟေပြန်ဆက်လိုက်ရန်သာ ရည်ရွယ်ထားလိုက်တော့သည်။ ဖိနပ်က အရေးမကြီး။ ဟိုဟာက အရေးကြီးပေပြီ။ ငယ်ထိပ်လဲဆောင့်နေပေပြီ။ ယခုအချိန်မျိုးမှာမရပါက ဦးနှောက်ပင် ပေါက်





ထွက်၍ မုန်ယိုသောဘဝ ရောက်ရပေတော့မည်။

"ကဲ အဆင်သင့်ဖြစ်ရင် သွားကြရအောင်"

"လုံချည်တောင် ဖောက်ပြီးသား"

ချက်ဖောင်းက ထအော်သည်။ ဒီကောင် ရှာဘုရားပွဲကျင့် မပျောက်သေး။

"ဒါဖြင့် ချီတက်ရအောင်"

အားလုံး ယိုင်ထိုးယိုင်ထိုးနှင့် ကာရာအိုကေဆီ ချီတက်ကြတော့၏။

လူကလဲ အတော်မူးနေပြီ။ မူးပေမပေါ့၊ အပြီးသောက်လာကြတာကိုး။

ဒါကလဲ အကြောင်းရှိသည်။ ကာရာအိုကေဆိုင်အတွင်း၌ အရက်ဝယ်သောက်ပါက ဈေးကြီးသည်ဆိုသောကြောင့် အပြင်မှာပင် တစ်ဝကြီးသောက်သွားရခြင်းပင်ဖြစ်၏။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခပ်မှောင်မှောင်ဆိုင်ကြီး၏ အတွင်းဖက် ဝင်သွားသောအခါ ပို၍မှောင်သော အခန်းများကို တွေ့ရသည်။ ထိုအခန်းများအထဲကမှ အမှောင်ဆုံးအခန်းကို ရွေးဝင်လိုက်ကြသည်။

အခန်းက မှောင်ရသည့်ကြားထဲ ချဉ်တူးဟူးရန့်များကလဲ ရနေသေး၏။ ရှိနေသောဆိုဖာများကလဲ ပေါက်ပြဲပြီး စားပွဲခုံကလဲ ညစ်ထေးထေးနှင့်။ အနံ့အသက်က အလွန်ဆိုးသည်။

"တခြားအခန်း မရှိတော့ဘူးလားကွာ"

"စပယ်ရှယ်ခန်းရှိတယ်၊ ငါးထောင်"

စားပွဲထိုးပြောသော ငါးထောင်ဆို၍ တွန့်ဝင်သွားရ၏။ ထို့





ကြောင့် အရှက်ပြေလုံးပြီး

"ရပါတယ်ကွာ၊ တို့က ပကာသန မမက်ပါဘူး"

ဆိုကာ ခပ်တည်တည်ထိုင်လိုက်သည်။

"ထိုင်ဖူးတဲ့ ကောင်မလေးတွေ ရှိသလားခင်ဗျာ"

စားပွဲထိုးလေးအမေးကို ငတိများက

"ကြယ်စင်"

"မိုးဝဥ္စာ"

"လမင်း"

"ကောင်းကင်ပြာ"

သူတို့စကားသံများကြားတော့ အံ့အားသင့်သွား၏။

"မင်းတို့ဟာတွေကလဲ ကောင်းကင်ကကို မဆင်းပါလားကွာ"

သိပ်မကြာပါ။ ကောင်မလေးများနှင့်အတူ အချိုရည်ဘူးများ ပါလာချ၏။ ဒါက နာမည်ရွေးခေါ်လျှင် ပေးရသောအချိုရည်ဘောက်ဆူးဟု နောက်မှသိရ၏။

ကောင်မလေးတွေ ဝင်လာသည်နှင့် ပရောပရီ ဝင်လုပ်ကြတော့၏။ ဤသည်ကို ကြည့်ခြင်းအားဖြင့် ဒီကောင်တွေ ကာရာအိုကေချိုး ဘယ်လောက်ကျနေပြီဆိုတာ သိသာသည်။

"ဟိုအစ်ကိုကြီးရော ကောင်မလေးခေါ်ဦးမလား"

စားပွဲထိုးလေးက မေးသည်။ ကျွန်တော်က အားတက်သရောပင်

"အေး ခေါ်မှာပေါ့ကွ၊ ဒါမှ ခေတ်မီမှာလေ၊ ဟီးဟီး"

ကျွန်တော့်ဝမ်းခေါင်းသံကြားတော့ စားပွဲထိုးက မျက်မှောင်ကြုတ်ပြီး

"ဘယ်လိုပုံမျိုးကြိုက်လဲ၊ ရှာပေးမယ်လေ"

"အဲဒီကိစ္စမှာ ကိုယ်တို့က ချေးမများပါဘူး၊ မိန်းမဖြစ်ရင်

www.burmeseclassic.com



ပြီးရော၊ ဟီဟိ"

"ကောင်းပါပြီ၊ အဆင်ပြေတဲ့တစ်ယောက် လွှတ်လိုက်ပါ့မယ်"

စားပွဲထိုးလေး ပြန်ထွက်သွားသည်။ ကျွန်တော်လဲ ဖူးစာရှင် ဘယ်သူဖြစ်မည်ဆိုသည်ကို တထိတ်ထိတ်နှင့် စောင့်နေမိတော့၏။

သိပ်မကြာပါ။ တံခါး ဖျတ်ခနဲပွင့်လာသည်။ ကြည့်လိုက်တော့

"ဟာ"

အာမေဋိတ်သံနှင့်အတူ ခြေဖျားလက်ဖျားများ အေးစက်သွား၏။ ပြီးနောက် ကတုန်ကယင်နှင့် ဘေးမှငမျိုးလက်ကိုဆွဲပြီး

"ဟေ့ကောင် ဒါမျိုးနဲ့တော့ မဖြစ်ဘူးထင်တယ်"

ငမျိုးက ကျွန်တော့်လက်ကို ဆွဲဖြုတ်ပြီး

"ကိုယ့်လူ သိပ်မမူးသေးလို့ပါ၊ နည်းနည်းထပ်တင်လိုက်၊ အဲဒါဆို သူ့ဘာသာသူအဆင်ပြေသွားလိမ့်မယ်"

"ဟေ အဲလိုလား၊ ဒါဖြင့် မြန်မြန်မှာကွာ၊ ငါအသည်းတုန်လွန်းလို့"

မိန်းမဆို ပြီးရောဟု သန္နိဋ္ဌာန်ချထားသော ကျွန်တော့်နှုတ်ဖျားမှပင် ထိုစကားမျိုး ထွက်သည်ဆိုတော့ ပရိသတ်များ စဉ်းစား၍ ရပေလိမ့်မည်။ ထို့ကြောင့် ဝင်လာသော အမျိုးသမီး၏ရုပ်ကို ကျွန်တော် အလှဲ့ဘွဲ့ ဖွဲ့မနေတော့ပါ။ အစားအသောက်ပျက်သောရုပ်ဟုသာ မှတ်ထားပေးပါ။

ပုလင်းတစ်လုံး ရောက်လာ၏။ မည်သူ့မျှမပြောခင် ကမန်းကတန်း ပုလင်းကိုဖွင့်သောက်လိုက်သည်။

"ဟား"

အစက အရာရာမှုံဝါးနေသလောက် မူးနေသောဒီဂရီပြန်ရောက်သည်။ ခုနအမျိုးသမီးကို ပြန်ကြည့်သည်။

မရသေး။ ထို့ကြောင့် နောက်တစ်ခွက်ကို ခပ်မြန်မြန်ထည့်





သောက်လိုက်သည်။

"ဟား"

အရာရာမှုန်ဝါးသွားပေပြီ။ ဘာကိုမှ သဲသဲကွဲကွဲမမြင်ရ။ မျက်နှာကြီးလဲ အလိုလိုပြုံးလာပြီဟု ထင်ရသည်။ ခုနကအနံ့အသက်ဆိုးများ၊ အစားအသောက်ပျက်စေသော မြင်ကွင်းများ ဘာမှမရှိတော့။ နံဘေးနားလှည့်၍မေးလိုက်သည်။

"နာမည်ဘယ်လိုခေါ်လဲဟင်"

"မိုးထက်ကုဋေမြင့်"

ထိုစကားသံသာ နောက်ဆုံးမှတ်မိနေ၏။

နောက်. . .

× × ×

www.burmeseclassic.com



"ညက ကိုယ့်ဆရာ အတော်ကြမ်းတာပဲ"

ကိုက်နေသောခေါင်းကို ဖိကိုင်ရင်း စကားသံများ ကြားနေရ၏။

"အေးလေ၊ ဟိုအစ်မကြီးခမျာ အခန်းထဲပတ်ပြေးနေရတယ်"

တစ်ယောက်တစ်ပေါက် စကားသံများ။ ကျွန်တော်လဲ အမူးလွန်ပြီး ဘာမှမမှတ်မိတော့သည်မို့

"ငါ ငါ ဘယ်လိုကြမ်းမိလို့လဲဟင်"

"ဘယ်လိုကြမ်းမိလို့လဲ ဟုတ်လား"

ကော်နားကပ်ပိုင်ရှင် သန်းဇော်က ဆောင့်ကြီးအောင့်ကြီး





နှင့်

"အခန်းထဲမှာဗျာ လုံချည်ကြီးကွင်းသိုင်းပြီး"

"ဘောင်း ဘောင်းဘီတိုတော့ ပါပါတယ်ကွာ"

"မပြောလိုက်ချင်ဘူး၊ ဘောင်းဘီက ပေါင်မှာကွဲနေသေးတယ်"

"အဓိကသာ ဆက်ပြောပါကွာ"

"လုံချည်ကြီးကွင်းသိုင်း ဆောင့်ကြောင့်ကြီးထိုင်ပြီး ဟိုအစ်မကြီးကို စိမ်းစိမ်းကြီးထိုင်ကြည့်၊ ပြီးရင် လက်ကြမ်းကြီးနှစ်ဖက်နဲ့ အင်းဟာဆိုပြီး"

သန်းဇော်က သူ့လက်ကြမ်းကြီးနဲ့ ညှစ်ပြ၏။ ဒါကို ကျွန်တော်က

"ဒါ ဒါကို ကောင်မလေးက လက်ခံလားဟင်"

ကျွန်တော့်စကားကို ချက်ဖောင်းက မျက်နှာရှုံ့မဲ့လိုက်ပြီး

"ဘယ့်နှယ်လက်ခံမှာလဲ၊ ဟိုအစ်မကြီးက ထွက်ပြေးရင်အတင်းပြန်ဖမ်းတာ ဟိုက ထဘီတောင်ကျွတ်ကျမလို့"

"ဟင် အဲဒီလောက်တောင်ဆိုးလား"

"ဒါတင်ဘယ်ကမလဲ၊ အားလုံးက ဝိုင်းတောင်းပန်ပြီး ဟိုက စိတ်ပြေပြီး ပြန်ထိုင်ချရင်၊ ခုနကလိုပဲ လုံချည်ကြီးကွင်းသိုင်း ဆောင့်ကြောင့်ထိုင်၊ စိမ်းစိမ်းကြီးပြန်ကြည့်၊ ပြီးရင် အင်းဟာဆိုပြီး"

မရှက်စဖူး အရှက်ထူးသွား၏။ ထို့ကြောင့်

"တစ် တစ်ကြိမ်နှစ်ကြိမ်တော့ ဖြစ်မှာပေါ့ကွာ၊ မင်းကလဲ"

"ဘာ တစ်ကြိမ်နှစ်ကြိမ်လဲ၊ အကြိမ်ငါးဆယ်မကဘူး၊ ဟိုတာတောင် ပြောယူရတယ်"

"သူ သူလေးက ဘာပြောလဲ"

"ရှင့်လူက လူကိုခေါ်တာလား၊ ဒါမှမဟုတ် နို့စားဖို့ခေါ်တာလား



www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ကျွန်မကို နို့စားနွားမထင်နေလား မသိဘူးတဲ့"

"ဟယ် ကိုင်ဖူးပြီ၊ အဲလေ ရှက်လိုက်တာ ခစ်"

တကယ်ရှက်တာလား၊ ဘာလားတော့မသိ။ မျက်နှာကြီးက ရှိန်းတိန်းဖိန်းတိန်းဖြစ်နေ၏။

"နောက်ပြီး ကြည့်ဦး၊ ဆက်ရှင်ပြည့်လို့ ပြန်မယ်ဆိုတာကို ဟိုအစ်မကြီးလက်ကို အတင်းဆွဲပြီး အိမ်ခေါ်သွားမယ်၊ တစ်ခါတည်း ပေါင်းသင်းတော့မယ်လုပ်လို့ မနည်းပြန်ခွာခဲ့ရတယ်"

"ဟယ်"

ကိုယ့်ကိုကိုယ် အဲသည်လောက် အခြေအနေဆိုးခဲ့မှန်း မသိတော့။ တစ်ခါမှလဲ ထိုသို့မဖြစ်ခဲ့ဘူး။ မဖြစ်ဘူးဆို မိန်းကလေးတွေနှင့်လဲ ဒီလောက်မှ နီးနီးစပ်စပ် မနေခဲ့ဘူးတာ။ ထို့ကြောင့်

"မင်း မင်းတို့ကလဲကွာ၊ အချစ်စိတ်က တွန်းအားတစ်ခု ဖြစ်သွားတယ်နေမှာပေါ့"

ကျွန်တော့်စကားကို တွေတ်ကပါ မျက်နှာရှုံ့မဲ့လိုက်ပြီး

"ဘာအချစ်စိတ်လဲ၊ နှာဘူးစိတ်၊ မီးဝင်းဝင်းတောက် မျက်လုံးကြီးနဲ့ လုံချည်ကြီးကွင်းသိုင်းပြီး"

"ဒီကြားထဲ လျှာကလဲအရှည်ကြီးထုတ်ပြီး"

"ဘာ ဘာလုပ်တာလဲဟင်"

"အရက်သောက်တာလေ"

"ဟူး တော်သေးတာပေါ့"

သူတို့ပြောတာတွေကို မျက်လုံးထဲ မြင်ယောင်လာ၏။

ဘောင်းဘီကြီးအပြဲနှင့် လုံချည်ကြီးကွင်းသိုင်းကာ မီးဝင်းဝင်းတောက်မျက်လုံးနှင့် လက်တစ်ဖက်ကို မလွှတ်ဘဲ မဟော်သဓာဇာတ်တော်ထဲက ဘီလူးမ သားလုသလို ငါရပြီးရောဆိုသောစိတ်နှင့် ခြေကန်ဆွဲသလို မြင်ယောင်နေမိ၏။





"အေး အေးပါကွာ၊ နောက်ဆို ဆိုးတော့ပါဘူး၊ ဟီးဟီး"

"ဆိုးလို့လဲ မရတော့ဘူး၊ ကာရာအိုကေဆိုင်က ခင်ဗျား နောက်တစ်ခါလာရင် ရိုက်လွှတ်မယ်တဲ့"

အင်း ဒါလဲ ကောင်းသားပဲ။ နောက်မဟုတ်လျှင် ကာရာအိုကေကြောက ပြုတ်မှာမဟုတ်ဘူး။

"ဩော် ဒါနဲ့ ဈေးရောဝယ်ပြီးကြပြီလား"

"ဘယ်ဝယ်ရဦးမလဲဗျ၊ ခင်ဗျားကိုစောင့်နေတာ၊ ပိုက်ဆံလေးများ ကျန်ဦးမလားလို့"

ငမျိုး၏စကားကြောင့် အိတ်ကပ်ပြန်စမ်းမိသည်။

"အဲ နှစ်ထောင်ကျော်တော့ ကျန်သေးတယ်၊ လာကွာ၊ လက်ဖက်ရည်သောက်ပြီး ဈေးဝယ်ရအောင်"

အားလုံး ဈေးဖက်ထွက်ခဲ့ကြသည်။ ခေါင်းက တဆစ်ဆစ်ကိုက်နေတုန်း။ ညက မည်သို့မည်ပုံသောင်းကျန်းခဲ့သည်ကို အစပြန်ဖော်၍မရသေး။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဈေးနားရောက်တော့ တန်းစီနေသော လူတန်းကြီးကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

“ဘာလုပ်နေကြတာလဲကွ”

ကျွန်တော့်အမေးကို ငတွတ်က

“အခွန်လွတ်ဈေး ဖြစ်သွားပြီလေ၊ ဒါကြောင့် ဒီမှာလာရောင်းတဲ့ ဖယောင်းတိုင်က ဈေးသက်သာလို့ ဖယောင်းတိုင်တိုးနေကြတာ”

သက်ပြင်းချမိသည်။ လောကဌ် ကိုယ့်ထက်ဆင်းရဲတဲ့သူ အများကြီး ရှိသေးပါလားဟုပင် ဆင်ခြင်မိတော့၏။

ကြည့်စမ်း။ သူတို့ခမျာ အခွန်လွတ်ဈေးမှ ရောင်းချသည့် ဖယောင်းတိုင်ကို တိုးယူ။ ပြီးလျှင် ရပ်ကွက်တွင်းရှိ ဈေးဆိုင်များသို့ အမြတ်နည်းနည်းနှင့် ပြန်ရောင်းချရင်း တစ်နေ့စာ စားဝတ်နေရေး





ကို ဖြေရှင်းနေရတာ။

ငါ သူတို့ထက် အများကြီးသာပါလားဟုပင် ဘဝင်မြင့်ချင်သွားမိသည်။

ထိုဖယောင်းတိုင်တိုးသော လူတန်းကြီးကိုအဖြတ်

“ကိုမင်းဇော်၊ ကိုမင်းဇော်”

အော်ခေါ်သံ။ ကျွန်တော်တို့ထဲမှာ မင်းဇော်တစ်ယောက်မှ မပါ၍ လှည့်မကြည့်ဖြစ်။

“ကိုမင်းဇော်၊ ကိုမင်းဇော်”

ခေါ်သံက ပိုနီးကပ်လာသလို။ ဘေးဘီဝေ့ကြည့်မိသည်။

ငတွတ်၊ ငမျိုး၊ သန်းဇော်၊ ချက်ဖောင်းသာတွေ့ရ၍ လှည့်မကြည့်မိ။

“ကိုမင်းဇော် ကိုမင်းဇော်”

ပခုံးပုတ်ပြီးခေါ်၍ အံ့အားသင့်သွားမိသည်။ လှည့်ကြည့်လိုက်တော့

“ဟင် ဘာကြီးလဲဟ”

မြင်လိုက်ရသော မျက်နှာကြီးကြောင့် အံ့အားသင့်သွားရသည်။

ဤတွင် မိန်းကလေးတွေရုပ်ဆိုးကြောင်း မဖွဲ့လိုတော့ပါ။ မိတ်ဆွေတို့၏စိတ်ထဲဌ် မိတ်ဆွေတို့ ကြိုက်နှစ်သက်ရာ အစားအစာကို အားရပါးရလွေးနေချိန် အရှေ့တည့်တည့်ဌ် ခွေးထီးကြီးလျှာကြီးထုတ်ပြီး ဆောင့်ကြောင့်ထိုင်နေသောမြင်ကွင်းကိုသာ မြင်ပေးပါ၊ ထိုမျှ လောက် ကျက်သရေတုံးလှပါသည်။

“ကိုမင်းဇော်၊ ကိုမင်းဇော်မဟုတ်လား”

လူမှားပြီးလာခေါ်နေ၍ အံ့အားသင့်သွားရသည်။ ထို့ကြောင့်

“ဘယ်သူ့ကိုခေါ်တာလဲ အန်တီ၊ အဲလေ ကြီးတော်”



www.burmeseclassic.com

www.burmeseclassic.com



ထိုအဘွားကြီးက မူစစပြုံးလိုက်ပြီး

"မသိချင်ယောင်မဆောင်ပါနဲ့ ကိုမင်းဇော်ရယ်၊ ညတုန်းက တွေ့ခဲ့တာလေ၊ တို့နာမည် မိုးထက်ကုဋေမြင့်"

"ဟမ်"

ရှိသမျှအမွေး ခြေသလုံးမွေးကအစ မိုးပေါ်ထောင်တတ်သွားသည်ဟု ထင်ရသည်။

"မိုးထက်ကုဋေမြင့်၊ မိုးထက်ကုဋေမြင့်"

ညတုန်းက အခန်းထဲဝင်လာစဉ် ကျက်သရေတုံးလွန်းလို့ အရက်ကိုအမုန်းဆွဲခဲ့ကြောင်း ရေးတေးတေး ပြန်မှတ်မိသည်။ ဒါကို မူးရူးပြီး 'သူတောင် မိုးထက်ကုဋေမြင့်သေးရင် ငါလဲ မင်းဇော်တယ်ကွာဆိုပြီး မင်းဇော်ခဲ့တာ'

"ဟင် ဒါ ဒါကြီးဟာ မိုးထက်ကုဋေမြင့်၊ ဒါကြီးက"

ထိုအဒေါ်ကြီးက မခို့တရို့ပြုံးရင်း

သွားပြီနော်၊
ညတုန်းက
အစ်ကိုကြီးပေးတဲ့
မုန့်ဖိုးနဲ့
ဗယောင်းတိုင်
တိုးလိုက်ဦးမယ်၊
အိမ်ဈေးဖိုးလေးရအောင်







"ဟုတ်တယ်လေ၊ ဆိုင်မှာဆို မိုးထက်ကုဋေမြင့်၊ အိမ်မှာခေါ်တော့ ကုလားပု အဟု အဟု အဟု"

အရေးထဲ လာနွဲ့ပြနေသေး၏။

"ဘာလဲမှတ်မိပြီမဟုတ်လား၊ ညတုန်းကတော့ သူပဲ ကဲပြီး အခုယူမယ်၊ တော်ကြာယူမယ်၊ ယူချင်မှယူမယ်ဆိုပြီး လက်ဆွဲပြေးပြီးတော့"

သွားပြီ။ ကိုယ့်အခြေအနေကိုယ် သိလိုက်ပြီ။ ဒီလိုအဘွားကြီးကို လက်ဆွဲပြေးရလောက်အောင် ဖြစ်ခဲ့သည်ဆိုတော့ အရက်ကို အလွန်အကျွံ မသောက်သင့်တာ သေချာသွားပြီ။

"ဩော် ဒီအရက်ကိုတော့ ငါလွန်ကျွံအောင် မသောက်သင့်တာ သေချာသွားပြီ"

ဟု နောင်တရမိသည်။ ဟိုကောင်တွေ ပြန်ဝေ့ကြည့်တော့ သစ်ပင်ပေါ် လက်ညှိုးထိုးသည့်သူနှင့် လယ်ကွင်းပြင် လက်ညှိုးထိုးသူနှင့် ရှုးချင်ယောင်ဆောင်နေကြသည်။ ဒါကို ဟိုအဒေါ်ကြီးက

"ညတုန်းက သူတို့လဲပါတယ်နော်၊ သက်သေရှိတယ်၊ သူပဲ အတင်းကွင်းကြီးသိုင်းပြီး"

မျက်နှာခများ ထားစရာနေရာပင်မရှိတော့။ စိတ်ထဲတွင်လဲ

"ဩော် မောင်ကြည် မောင်ကြည်၊ ဒီလိုပုံမျိုးကို မူးမူးနဲ့ လက်ဆွဲမယ့်အစား ရွှံ့ပျော့ပျော့ပေါ် မှောက်အိပ်လိုက်တာကမှ အရသာရှိဦးမယ်"

ဟုသာ။ အဒေါ်ကြီးကလဲ မလျှော့။

"အစကတော့ မယုံလို့မလိုက်ရဲဘူး သိလား"

ဩော် ဒီရုပ်ကြီးကတောင် မယုံဘူးတဲ့။ သတ်သေချင်စိတ်ပါ ပေါက်သွား၏။

"နောက်တော့မှ သူငယ်ချင်းတွေကပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဘာပြောလဲ၊ သူတို့ဘာပြောလဲ"

မျက်လုံးပြူးပြီး ကမန်းကတန်းမေးမိသည်။ ဒီကောင်တွေ ပေါက်ကရပြောတတ်တာ သိနှင့်ကိုး။ ဒါကို အဒေါ်ကြီးက မူနွဲ့နွဲ့ပြုံးပြီး

"အစ်ကိုကြီးက အခုသာ ဘာမှမဟုတ်သေးတာ၊ နောင်တစ်ချိန်မှာ အနုပညာလောကမှာ ကျားကြီးဖြစ်မှာတဲ့"

ကျွန်တော်လဲ အံ့အားသင့်စွာဖြင့်

"ဘာကျားလဲ၊ ဘာကျားတဲ့လဲ"

"ဖွတ်ကျား"

"ဒီလိုပဲ ဖြစ်ရမှာပေါ့"

"အဲဒါ တို့လဲ ဖွတ်ကျားမမြင်ဘူးလို့ နေ့ခင်းပိုင်း လာကြည့်တာ၊ ဩော် ဖွတ်ကျားဆိုတာ ဒီရုပ်ကိုး"

မျက်နှာကို သူ့လက်ညှိုးမဲမဲကြီးထိုးပြီး လာပြောနေသေး၏။

"သွားပြီနော်၊ ညတုန်းက အစ်ကိုကြီးပေးတဲ့ မုန့်ဖိုးနဲ့ ဖယောင်းတိုင်တိုးလိုက်ဦးမယ်၊ အိမ်ဈေးဖိုးလေးရအောင်"

ဟု ထွက်သွားမလိုလုပ်ပြီးမှ အနားပြန်ကပ်လာကာ

"ဩော် ညကျရင်လဲလာခဲ့နော် ကိုဖွတ်ကျား၊ ဒီရုပ်မျိုးနဲ့ သုံးညလောက်လာရင် ကုလားပုတို့ပျော့ပြီ၊ ဟီဟိ"

ဆိုကာ လှစ်ခနဲ ပြေးထွက်သွားတော့၏။ ထိုတော့မှ စိတ်ထဲတွင်လဲ

"ဩော် ငါဟာ မိန်းမကိစ္စနဲ့ ပတ်သက်လာရင် ကျားတော့ကျား၊ ဒါပေမယ့် ဖွတ်ကျားပါပဲလား"ဟု ဆင်ခြင်မိရင်း ခေါင်းကိုသာယမ်းနေမိတော့၏။

× × ×





"ရွာသာလိုက်ခဲ့စမ်းပါ ကိုကြည်ရာ"

အညာသား ဖိုးဇေက အိမ်ကိုရောက်တုန်းရောက်ခိုက် ဖိတ်ခေါ်၏။

"ကျုပ်တို့ရွာမှာ အပျိုတွေအများကြီး၊ ခင်ဗျားကလဲ၊ ခင်ဗျားရည်းစားရဖို့ ကျုပ်တာဝန်ယူတယ်၊ ခင်ဗျား"

ဖိုးဇေက အတင်းအာမခံနေ၍ အားတက်သွားသည်။ လူပျိုသက်သုံးသက်မီလုလုထိကို ရည်းစားတစ်ယောက်မှ ဖျစ်ဖျစ်မည်အောင်မဖျစ်ရသေးတော့ စိတ်အားထက်သန်နေမိသည်။

"ဒီလိုနွေရာသီဆို ထန်းရည်ကလဲ ကောင်းမှကောင်း"

ဩော် လူကလဲ သူတော်ကောင်းဆိုတော့ မဟုတ်တာတွေချည်းနဲ့သာ မြူဆွယ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



အရက်ကလေး၊ ထန်းရည်ကလေး၊ မိန်းမကလေးနဲ့ ဆွယ်ရင် မရှိတဲ့အမြီးကို နန့်နေတာ။

"ဒါနဲ့ မင်းတို့ရွာက သွားရလာရ ဝေးတယ်မဟုတ်လား"

"ဒီကနေ မကွေးကို တစ်ဆင့်ဗျာ၊ မကွေးကမှ ဟိုဖက်ကို တစ်ဆင့်၊ သိပ်မဝေးပါဘူး"

ရန်ကုန်ကနေ မကွေးတောင် မိုင်ပေါင်းနည်းလှသည်မဟုတ်။ မကွေးကမှ ဟိုဖက်ထပ်သွားရမှာဆိုတော့ စဉ်းစားသာကြည့်။

"ဒါပေမယ့် အခုလို တက္ကသိုလ်တွေ စာမေးပွဲပြီးတဲ့အချိန်ကျတော့ နယ်ပြန်သူများပြီး ကားကျပ်တယ်ဆို၊ တချို့ဆို ကားပေါ်မှာခုံမရလို့ တစ်နေကုန် မတ်တတ်ရပ်စီးရတယ်ဆိုပဲ"

ဖိုးဇေက ပြုံးလိုက်ပြီး

"အဲဒီအတွက် မပူနဲ့"

ကျွန်တော် သူ့ကိုငေးကြည့်နေမိသည်။

"ဒီကနေ မကွေးအထိကို ခုံရရစေမယ်၊ အဲ ဟိုဖက်ကတော့ ဖိုးဇေအပိုင်ဗျာ၊ ကားခေါင်းကကို စီးရမှာ"

သူ့စကားကြောင့် ကျွန်တော် အားတက်သွားသည်။ ထို့ကြောင့်

"ဒါဖြင့်လိုက်မယ်ကွာ၊ ဟိုရောက်ရင်သာ"

"ကျုပ်တာဝန် ထားစမ်းပါဗျာ၊ ဖိုးဇေ တစ်ရွာလုံးမီးသေပါတယ်"

ကျွန်တော်တို့စကား ဒိုးနားထောင်နေသော ငမျိုးကပါ

"ဒါဆို ကျွန်တော်လဲလိုက်မယ်"

စိတ်ထဲမှာတော့ ထင့်ခနဲ။

× × ×



မကွေးကားဂိတ်ဆီရောက်တော့ ကားတစ်စီးလုံးမှာ ကျပ်ညပ်သပ်နေသည်။ ကား၏နဂိုပါ ထိုင်ခုံများပါ ပြည့်ကျပ်နေသည့်အပြင် ကား၏အလည် လူလျှောက်လမ်း၌ပင် ကော်ခုံများညပ်သပ်အောင်ထိုး၍ လူတင်ထားသည်မို့ ခြေချစရာပင်မရှိ။ ဒါကို ခုံနဲ့စီးရမည်ဆိုသော ဖိုးဇေဘက်လှည့်၍

"ဟော့ကောင် မင်းပြောတော့ ခုံရမယ်ဆို၊ အခုဟာ ခုံရဖို့မပြောနဲ့၊ ခြေချစရာတောင်ရရင် အင်မတန်ကံကောင်း"

ကျွန်တော့်စိုးရိမ်စကားကို ဖိုးဇေက

"အသာနေပါကိုကြည်ရာ၊ ကိုကြည် ခုံနဲ့စီးရရင် ပြီးရော

www.burmeseclassic.com



မဟုတ်လား"

ကျွန်တော်လဲ ခေါင်းကို ခပ်သွက်သွက်ညိတ်ပြီး

"အေးပါကွာ၊ ခုံရရင်တော်ပါပြီ"

ကားက အတော်ကြပ်ညပ်နေပြီ။ သို့သော် လူက တင်တုန်း။ အချိန်ကလဲ စာမေးပွဲပြီးချိန်၊ သင်္ကြန်နားလဲ နီးပြီမို့ ကိုယ့်ဌာနေကိုယ်ပြန်ကြသူများ၊ များပြားလှ၏။ မည်မျှများပြားသည်ဆိုသော် အလည်၌ ကော်ခုံနှင့်ထိုင်နေသူများပါ ပေါင်ချင်းအပ်၍ထိုင်ရသလိုမျိုး။ ဒီလိုအခြေအနေမျိုး၌ ဘယ်မှာလဲ ကျွန်တော်တို့အတွက်ခုံ။

"ပြည့်ပြီဆရာရေ့၊ ကဲ ဟိုညီလေးတွေ တက်ကြ၊ ကားထွက်တော့မယ်"

စပယ်ယာ၏ လောဆော်သံ။ ကျွန်တော်က

"ဟေ့ကောင် ဘယ်မှာလဲ မင်းခုံ"

စိုးရိမ်တကြီးအမေး။ ဖိုးဇေက ကျွန်တော့်ကို တွန်းတင်လိုက်

ကိုယ်က
ဘယ်လိုခုံရမှလို့မှ
မပြောခဲ့တာ။
ခြေနင်းခုံကလဲ
ခုံအမျိုးအစားထဲမှာ
ပါတာပါပဲ။







ပြီး

"တက်လိုက်စမ်းပါ"

ကားပေါ်ရောက်တော့ အခြေအနေကို ပိုသဘောပေါက်သွား၏။ ကားပေါ်တွင် ခုံမပြောနှင့်၊ ခြေချစရာနေရာပင်မရှိ။ ထို့ကြောင့် ဒေါသထွက်ပြီး

"ဟေ့ကောင် ဘယ်မှာလဲ မင်းခုံ"

"ထိုင်ချလိုက်လေ"

"ဟင်"

ကြည့်လိုက်တော့ ကားအတက်အဆင်း ခြေနင်းခုံ။

"ဟေ့ကောင် မင်းပြောတော့ ခုံရမယ်ဆို"

"အေးလေ၊ ဒါလဲ ခုံပဲလေ"

"ဒါ ခြေနင်းခုံကွ၊ ခြေနင်းခုံ"

"အေးလေ၊ ခုံရမယ်လို့ပဲ ပြောထားတာ၊ ဘယ်လိုခုံမျိုးလို့ ပြောထားတာမှ မဟုတ်တာ၊ လာပါထိုင်ပါ၊ ခင်ဗျားကလဲ"

"တောက်"

ဘာမှမပြောချင်တော့။ ခြေနင်းခုံမှာသာ ဆောင့်ကြောင့်ထိုင်လိုက်ရသည်။ ဟုတ်တော့ဟုတ်သား။ ကိုယ်က ဘယ်လိုခုံရမှလို့မှ မပြောခဲ့တာ။ ခြေနင်းခုံကလဲ ခုံအမျိုးအစားထဲမှာ ပါတာပါပဲ။ ဒါကို ဖိုးဇေက ပြုံးဖြီးဖြီးလုပ်ပြီး

"စိတ်မပူပါနဲ့ဗျာ၊ ခြေနင်းခုံနဲ့ မကွေးအထိသာ ဒုက္ခခံလိုက်ပါ၊ ဟိုဖက်ရောက်ရင် ကားခေါင်းကကို စီစဉ်ထားပါတယ်"

ကျွန်တော် သိပ်မယုံရဲတော့။ ထို့ကြောင့်

"မင်း မင်း သေချာတယ်နော်"

ကျွန်တော့်စကားကို ဖိုးဇေက ဖြဲခနဲရယ်လိုက်ပြီး

"သေချာပါတယ်ဗျ၊ ရွာကားတွေ ဖိုးဇေပိုင်ပါတယ်၊ ကား



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကကို နေရာချန်ထားဖို့ ပြောထားပါတယ်"

"ငါ ခေါင်းကစီးရမှ စီးမှာနော်"

"စိတ်ချပါဗျာ"

ဖိုးဇေက ဖြခနဲရယ်ရင်း ပခုံးပုတ်သည်။ ကျွန်တော် ဘာမှ မပြောတော့။ "ကိုယ်တန်ရာတန်ရာ ရတာပဲလေ" ဟုပဲ သဘောထား လိုက်တော့၏။

× × ×





ခြေနင်းခုံမှာထိုင်ရတာ လွယ်လှသည်တော့မဟုတ်။ ဒီအတိုင်း ကြီး ငုတ်တုတ်ကလဲ ရေရှည်မထိုင်နိုင်။ ထို့ကြောင့် ကားတံခါးပိတ် ထားချိန်၌ ခြေထောက်ကို အပေါ်တင်၍ ကားတံခါးကိုကျောမှီတာ ပက်လက်ကြီးထိုင်လိုက်ရသည်။ ဒီကြားထဲ ကားတံခါးပွင့်ထွက်သွား လျှင် လူလဲနောက်ကျွမ်းပစ်ပြီး အပြင်ရောက်သွားမည့်အရေး ရှိသေး သမို့ သတိလဲထားရသေး၏။ ကံထူးသည်က ကျွန်တော်တို့ထိုင်သော ခြေနင်းခုံနား၌ ကျောင်းသူလှတပတလေးနှစ်ယောက်က စကယ်ဖို့ လေးနှင့် ထိုင်နေကြသည်မို့ မအိပ်နိုင်မစားနိုင်ဘဲ အရှေ့ခင်တို လောင်းကြေးစားကြေးလုပ်ပြီး တစ်လမ်းလုံး မျက်လုံးကိုဖြတားလာ

www.burmeseclassic.com



ရ၏။

ပို၍ကံကောင်းသည်က ကျွန်တော်တို့၏ ခြေသလုံးပင်။ ကားတံခါးကို မှီထိုင်၍ ခြေထောက်ကို အပေါ်တင်ထားရသည်မို့ ထိုကျောင်းသူလေးများ၏ ခြေသလုံးများနှင့် ကျွန်တော်တို့ခြေသလုံး မထိချင်လဲ ထိပြီး ခြေသလုံးချင်း ခြေမျက်စိချင်းဆုံ ရင်တွေခုန်ပြီး ခြေသလုံးချင်း မေတ္တာမျှ၍ ချစ်သူဘဝပင် ရောက်ကြပေပြီ။ ခြေသလုံးနှစ်ဖက်မှာ တစ်ဦးကိုတစ်ဦး ပူးကပ်၍ မခွဲနိုင်မခွာရက်ပင် ဖြစ်နေကြပေပြီ။ ခြေမျက်စိနှစ်ခုကလဲ အချင်းချင်း တစ်ဦးကိုတစ်ဦး ကြည့်မဝ၊ ရှုမဆုံး။

ဒါကို မိခင်ဖခင်ဖြစ်သူ ပေါင်ရင်းက မကျေနပ်။ မိန်းကလေးရှင် ခြေသလုံးဖက်ကို လက်ညှိုးငေါက်ငေါက်ထိုး၍ ကြိမ်းနေသေး၏။

"ငါနဲ့တော့တွေ့တော့မယ်၊ ဘာမှတ်လဲ၊ လက်ညှိုးတဲ့ တစ်ချောင်းတည်းရှိတာ၊ လက်သီးဆုပ်က နှစ်လုံး"

အဲလေ။ ဘယ်တွေရောက်ကုန်ပါလိမ့်။

လူချင်းကတော့ တစ်ချက်ပင် လှည့်မကြည့်သော်ငြား ခြေသလုံးချင်းသာ မေတ္တာမျှခဲ့ရသော ကောင်မလေးနှစ်ယောက် အနီနှင့်အပြာဝတ်မှန်း သိချိန်ဝယ် မကွေးကားဂိတ်သို့ ဆိုက်ရောက်ပေပြီ။ ပန်းရောင်ဖက်မှလောင်းသော ငမျိုး ရှုံး၍ ငွေနှစ်ဆယ်ရ၏။ (လက်ကိုင်အိတ်ကိုလောင်းတာ ပြောပါတယ်)

"တောက် နှမြောလိုက်တာကွာ"

ကားပေါ်က ဆင်းဆင်းချင်း ကြိတ်မနိုင်ခဲမရပြောသော ကျွန်တော့်စကားကြောင့် ဖိုးဇေ မျက်မှောင်ကြုတ်သွား၏။

"ဘာပြောတာလဲ"

ကျွန်တော်လဲ ကျော်သွားပြီဖြစ်သော ကောင်မလေးများဖက် မေးငေါ့ပြလိုက်ပြီး





"ဟိုမှာလေ၊ ခြေမျက်စိချင်း အကြည့်ချင်းဆုံ၊ ခြေသလုံးချင်း မေတ္တာမျှနေပြီးမှကွာ"

"ဟဲ ဟဲ ဟဲ"

ဖိုးဇေ၏ မခိုးမခန့်ရယ်သံ။ ကျွန်တော် မျက်မှောင်ကြုတ်မိပြီး

"ဘာရယ်တာလဲကွ"

"ဒီမှာလေ"

ဖိုးဇေက ကျစ်ကျစ်ပါအောင်ဆုပ်ထားသော သူ့လက်ကို ဖြန့်ပြသည်။

"အမွေးသုံးချောင်း"

အမွေးတွေမြင်တော့ အံ့အားသင့်သွားရသည်။

"ကျွန်တော်နှုတ်လာတာ"

ဩော် ကိုယ့်မှာတော့ ခြေသလုံးချင်း မေတ္တာမျှရုံ ရှိသေးသည်။ ဟိုကောင်က အမွေးပင် နှုတ်ပြီးနေပြီ။ ကျွန်တော် အသေအချာကြည့်မိသည်။ နောက်မှ မျက်လုံးပြူးပြီး

"ဟာ ဟေ့ကောင် ဒါခြေသလုံးမွေး မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့"

"ခြေသလုံးမွေးဆို ဒီလောက်မရှည်ဘူးဟေ့ကောင်"

ဖိုးဇေ ပြန်ငုံ့ကြည့်သည်။

"ဟုတ်ပါတယ်ဗျ၊ ကျွန်တော် အသေအချာ နှုတ်လာတာ"

ကျွန်တော်တို့စကားကို ဘေးနားက ငမျိုးက

"ဘာမှမဟုတ်ဘူး ဟေ့ကောင်"

ကျွန်တော်တို့ ငမျိုးကို လှည့်ကြည့်မိသည်။

"ငါလဲ အိပ်ငိုက်တာနဲ့ အဲဒီခြေသလုံးကြား ဝင်တွေတာ၊ အဲဒါကို မင်းကမှားပြီး ငါ့နှုတ်ခမ်းမွေးတွေ နှုတ်သွားတာ၊ ဒါလဲ ဖေး



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေချိန်မို့ ဘာမှမပြောတာ”

“ထွီ ရွံလိုက်တာ”

ဖိုးဇေက သူ့လက်ထဲမှ တယုတယနှင့် ကျစ်ကျစ်ပါအောင် ဆုပ်ထားသော အမွှေးများကို လွှင့်ပစ်ပြီး သူ့လက်ကိုသူတံတွေးနဲ့ထွေး ဖုတ်ဖက်ခါလုပ်သည်။ ဒါကို ကျွန်တော်က

“ဟော့ကောင် မင်းခုနပြောတော့ အိပ်ငိုက်လို့ ခြေသလုံးကြား ဝင်အိပ်တာဆို၊ ငေးကောင်းကောင်းနဲ့ ငေးနေတုန်းဆိုတာက”

ငမျိုးက ပြုံခနဲရယ်ပြီး

“အဟီး၊ ကျွန်တော်က မျက်လုံးဖွင့်ပြီး အိပ်တတ်တာ”

ဒီကောင့်သောက်ကျင့်ကို ကျွန်တော်သဘောပေါက်သွားသည်။ ဘာမှပြောစရာမရှိတော့။ ဆဲစရာသာ ကျန်တော့သည်။

“ကဲ ရွာသွားတဲ့ကား မမီဘဲနေမယ်၊ သွားရအောင်”

ဖိုးဇေ လောဆော်မှုနှင့် အားပြန်တက်သွားသည်။

× × ×





“ဟာ”

ရွာသွားမည့်ကားမြင်တော့ လန့်သွားသည်။

ဟုတ်ပေသည်။ စစ်ကျန်ခေတ်က ဂျစ်ကားများ။

ကျွန်တော်တို့ ရောက်သွားချိန်ဝယ် ကားတစ်စီးလုံး လူပြည့်ကျပ်နေသည့်အပြင် ဂျစ်ကားနောက်မှ ဟိုးကားခေါင်းထိ ကော်ပိုက်လုံးများကို တံကျင်ရှိသလို ဖင်မှခေါင်းထိကို လျှိုထည့်ထားသေး၏။

ကျွန်တော်တို့အတွက် စီစဉ်ထားသည်ဆိုသော ခေါင်းခန်းတွင် ဆရာတော်နှစ်ပါးလဲ ထိုင်နေ၏။

ဆရာတော်များမှာ ကျန်းမာရေးလဲ ကောင်းပုံမပေါ်။

www.burmeseclassic.com



ချောင်းကို တဟွတ်ဟွတ်ဆိုးရင်း

"ဒကာကြီး ဦးဇင်းလဲ ကျန်းမာရေးမကောင်းဘူးကွယ်၊ အဆုပ်ကလဲ မကောင်း၊ အဟွတ် အဟွတ်၊ မျက်စိကလဲ မှုံဆိုတော့"

ဦးဇင်းစကားမဆုံးခင် ဒရိုင်ဘာက စပယ်ယာဖက်လှည့်၍

"ဟေ့ကောင် ထွန်းဦး၊ ဒီမှာ ဆရာတော်က ကားမှန်မမြင်ရလို့ လာသုတ်ပေးလိုက်ဦး"

"ဟုတ်ကဲ့ လာပြီဆရာ"

ထွန်းဦးဆိုသော စပယ်ယာက အဝတ်စုတ်တစ်ခု ယူလာပြီး လာပြေးသုတ်သည်။

အမှန်တော့ ကားမှာ ဘာမှန်မှမပါ။ ကားမှန်ရှိဟန်နှင့် သုတ်ယောင်ပြသည်။ ပြီးတော့ မေးသေးသည်။

"ကြည်သွားပြီလား ဦးဇင်း"

"အေးကွယ်၊ မင်းသုတ်ပေးလိုက်တော့လဲ ကြည်သွားတာပေါ့၊ သာဓု သာဓု"

ဦးဇင်းက သာဓုခေါ်လို့။ ဟိုက မရှိသည့်မှန်ကို အယောင်ပြလာသုတ်ပြသွားတာ။ ဦးဇင်းက မျက်လုံးမကောင်းတော့မသိ။

ကားအရှေ့ခန်း မျှော်လင့်ချက်မရှိ၍ အနောက်ခန်းကြည့်တော့လဲ လူတွေက ပြည့်ရုံမက ဘေးနား၌ပင် တိုးလိုးတွဲလောင်းတွေ အများကြီး။

ကျွန်တော်လဲ ဖိုးဇေကို တံတောင်နှင့်တွတ်ပြီး

"ဟေ့ကောင် မင်းပြောတော့ ပိုင်ပါတယ်ဆို၊ ကားခေါင်းက"

"အသာနေပါ၊ ကျုပ်ပိုင်ပါတယ်"

သူတို့နယ်နားဆိုတော့ သူ့စကားသာ ယုံစားလိုက်ရသည်။ ကားကတော့ အတော်အခြေအနေမကောင်း။ ဂျစ်ကားစစ်စစ်ဖြစ်သည့်အပြင် အပေါ်အမိုးပင်မပါ။ ကိုင်းမျှသာပါပြီး ထိုကိုင်းကိုပင်





မတ်တတ်ရပ်လိုက်သူများ၊ တွယ်စီးသူများကပါ မလွတ်တမ်း ဆွဲထားကြရ၏။

"လူပြည့်ပြီ၊ ကားထွက်မယ်"

လူက ပြည့်ရုံမက လျှံပါလျှံထွက်နေသည်။

"ကဲ ဖိုးဇေတို့အဖွဲ့တက်မယ်"

စပယ်ယာက လှမ်းခေါ်၍ လန့်သွားရသည်။

"ဟေ့ကောင် ကားထွက်မယ်တဲ့၊ ဘယ်နားတက်ရမှာလဲ"

"လာစမ်းပါဗျာ"

ဆိုပြီး ဆွဲခေါ်သွား၏။ ကိုယ်လဲ ယက်ကန်ယက်ကန်။ ကားနားရောက်တော့

"ကဲ အဲဒါ ကားခေါင်းပဲ တက်တော့"

"ဟင်"

သူညွှန်ပြရာကြည့်တော့ ကားခေါင်းမှ ကားခေါင်းအစစ်

စီးနေရသော
ကျွန်တော်တို့အမှာ
ထန်းပင်ကြီးက
ပြေးဝင်လာလိုက်။
တမာပင်ဆီ
ဦးတည်သွားလိုက်
ချောက်ထဲ
ကျတော့မလိုဖြစ်လိုက်နဲ့





www.burmeseclassic.com

www.burmeseclassic.com



ကြီး။ ကားခေါင်းမည်မျှ ပိသသည်ဆိုရသော် ကိုယ့်အောက်မှာ ကားဘီးသာရှိတော့သည့် ကားခေါင်းစစ်စစ်ကြီး။

"ဟင် ဒါ ဒါက"

ကျွန်တော့်၏ ဗလုံးဗထွေးအမေးကို ဖိုးဇေက

"အေးလေ၊ ကားခေါင်းလေ၊ ကိုကြည်ပဲ ကားခေါင်းက စီးချင်တယ်ဆိုတော့ ကားခေါင်းမရရအောင် မနည်းကို ဘိုကင်လုပ်ထားရတာ"

"တောက်"

ဘာမှမပြောလိုတော့။ ခုနကလဲ ကားခုံနေရာရမည်ဆိုပြီး ခြေနင်းခုံက စီးပြီးပြီ။ ယခုလဲ ကားခေါင်းကစီးရမည်ဆိုပြီး ခေါင်းစစ်စစ်ကြီးက စီးရပေတော့မည်။

ဘာမှမတတ်နိုင်တော့။ ထိုကားမှ မစီးလျှင်လဲ ခြေလျင်သာ လျှောက်ရမည့်ကိန်းကို။ ထို့ကြောင့် သူတို့ညွှန်ပြရာ ကားဘီးအထက်နားက ကားခေါင်းပေါ်သို့သာ တက်ထိုင်လိုက်ရသည်။

"ဆွဲဆရာရေ့၊ ရရင် လမ်းမှာလူတင်မယ်"

"ဟဲ့ ပလုတ်တုတ်"

ကားလေးက ခုန်ထွက်သွားသဖြင့် လန်မကျအောင် မီရာမနည်းလှမ်းကိုင်လိုက်ရသည်။

ကားက ဘောနက်ဖုံးကအစ လူပြည့်အောင် တင်ထား၍ ကားမောင်းသောဒရိုင်ဘာမှာ ဂီယာထိုးပြီးသည်နှင့် ဘယ်ဖက်ခြေနှင့် လီဗာနင်းပြီး ကျန်ခြေတစ်ဖက်ကို ကားခြေနင်းခုံနင်းကာ တစ်ကိုယ်လုံး အပြင်ထွက်၍ မောင်းရရှာသည်။

ဒါတောင် သူက အရှေ့တွင် လူကွယ်နေ၍ သူ့ဖက်တစ်ခြမ်းသာ မြင်နေရသည်မို့ ဟိုဖက်တစ်ခြမ်းကို စပယ်ယာက အခါပေးရသည်။





"ရှေ့မှာထန်းပင်၊ ရှေ့မှာထန်းပင်၊ ညာဖက်ဆွဲ၊ ညာဖက်ဆွဲများသွားပြီ၊ တမာတန်းဖက် ဦးတည်နေပြီ၊ ဘယ်ပြန်ဝိုက်၊ ဘယ်ပြန်ဝိုက်၊ အဆုံးဝိုက်၊ ပြန်ဖြည်ထား ပြန်ဖြည်ထား၊ ရှေ့မှာချောက် ရှေ့မှာချောက်၊ ကားထဲဝင် ဂီယာပြန်ချိန်း၊ ရပြီ၊ လက်ကိုင်ဖြောင့်ထား"

စသည်ဖြင့် တရစပ်ပြောနေရသည်။ သူပြောသည့်အတိုင်း ဒရိုင်ဘာက မောင်းရရှာ၏။

သူတို့ကတော့ နေ့စဉ် ဘယ်လိုခရီးသွားနေကြသည်မသိ၊ ကားခေါင်းတည့်တည့် စီးနေရသော ကျွန်တော်တို့ခမျာ ထန်းပင်ကြီးက ပြေးဝင်လာလိုက်။ တမာပင်ဆီ ဦးတည်သွားလိုက် ချောက်ထဲပဲ ကျတော့မလိုဖြစ်လိုက်မို့ တထိတ်ထိတ်။

ခုန်လဲမချရဲ။ ခုန်ချပျှောင်လဲ ကားဘီးတည့်တည့်။

ထိုထက် စိတ်နာစရာကောင်းသည်က ကားဖင်မှသည် ကားခေါင်းဆီသို့ တံကျင်လျှိုသလို ထိုးထားသော ကော်ပိုက်များပင်။

ကားက ယိုင်ထိုးယိုင်ထိုး သွားနေသည်မို့ သူတို့ကလဲ ဘယ်ညာလှုပ်နေ၍ ထိုအပေါ် စိတ်ချလက်ချ ဖင်ချမထိုင်ရဲ။ ကားအကွေ့မှာ ကော်ပိုက်များရွေ့ပြီး ဖြောင်းခနဲ လာရိုက်ကာ ကိုယ့်ဥ(ပတိ)ကို ကိုယ်ညှစ်ခွဲသလို ဖြစ်သွားမှာကလဲ စိုးရိမ်ရသေး၏။ သတိလက်လွတ်ဖြစ်သည်နှင့် ဥမကွဲသိုက်မပျက် အိမ်ပြန်ရောက်ရန် လမ်းမမြင်။ ထို့ကြောင့် အမိကကိုလဲ သတိထားရသေးသည်။ မည်မျှဆိုသော်...

ကျွန်တော်သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုး ဖြစ်သော်ငြား (အရွယ်မတိုင်သေး၍လဲ ဖြစ်နိုင်သည်။)တရားဒေသနာကို လွန်လွန်ကျူးကျူး လိုက်စားသူမဟုတ်။ ဘုရားစာများလဲ ဟုတ်တိပတ်တိ မရပါ။ သို့သော် ထိုအခါတွင်တော့

"ရွှေတိဂုံဘုရား ကယ်တော်မူပါ၊ မဟာမြတ်မုနိလဲ ကယ်တော်မူပါ၊ ဆူးလေဘုရားကြီးလဲ ကယ်တော်မူပါ၊ မော်လမြိုင်မြို့က ကျိုက်

www.burmeseclassic.com



သလွန်ဘုရားလဲ ကြည့်မနေပါနဲ့၊ ရွှေစက်တော်ရာဘုရားနဲ့ မြန်မာပြည်အရပ်ရပ်၌ရှိသော ဘုရားအားလုံး ကယ်တော်မူကြပါ"

ဟူ၍ မှတ်မိသမျှ ဘုရားအားလုံးတ,၍ ဖင်တကြွကြွနှင့် ခရီးသွားခဲ့ရလေတော့သည်။

× × ×



အညာနွေကား ပူလွန်းသည်။

နဂိုအပူကြောက်သော ကျွန်တော့်အဖို့ကား ပြောစရာမရှိ။ အကျီကို ချွတ်ထားရသည့်အပြင် လုံချည်ပါ ခါးတောင်းကျိုက်ထားရသည်။

သို့သော် ခေသူမဟုတ်။

နံဘေးနားတွင် ကျွန်တော့်နည်းနှယ်နှယ် လူငယ်တစ်အုပ် ကျွန်တော့်အား ငေးကြည့်နေကြ၏။

တချို့ကား ငုတ်တုတ်။ တချို့ကား ငေးလျက်။

"အဲဒါနဲ့ကွာ ငါကလဲ ညတုန်းက ခုနပြောတဲ့ ညီညွတ်လွင်နဲ့

www.burmeseclassic.com

www.burmeseclassic.com

ချိန်းတွေ့ပြီး အိမ်အပြန်နောက်ကျပြီး နုံးချိပင်ပန်းပြီး အိပ်မောကျ၊ အဲ ငါနုံးချိရတဲ့အကြောင်းကို ဟိုတစ်နေ့က ချိန်းတွေ့တဲ့ စန်းနုရှိန်နဲ့ အကြောင်းမှာ ကွက်ကွက်ကွင်းကွင်း ရှင်းပြပြီးပြီနော်၊ ငါ့လက်က သိတယ်မဟုတ်လား၊ ဘုရားပွဲဈေးမှာ လုပ်စားလာတဲ့လက်ဆိုတော့ သိပ်သွက်တာ၊ ဟဲဟဲ"

အားလုံးက ကျွန်တော့်အား လေးစားစွာကြည့်၍ ခေါင်းညိတ်သည်။

"အိပ်ရာကထပြီး နာရီကြည့်လိုက်တော့ မိနစ်နှစ်ဆယ်နောက်ကျနေပြီ၊ အဲဒါနဲ့ ငါလဲ ကမန်းကတန်း မျက်နှာသစ်ပြီး ချိန်းထားတဲ့ ရန်ကုန်တက္ကသိုလ်ဝင်းထဲ ပြေးတာ၊ အချစ်အတွက်ဆိုတော့ အပင်ပန်းခံရမယ်လေ၊ ဟုတ်ဘူးလား"

ခေါင်းညိတ်ကြပြန်သည်။

"ငါလဲ အားကုန်ပြေးတာပေါ့ကွာ၊ အဲ ဟောဒီဆံပင်ရှည်ရှည်ကြီးက လေထဲမှာ ဝဲလွင့်နေတာပေါ့ကွာ၊ ဟုတ်ဘူးလား"

ကျောလည်ကျော်ကျော်ခန့်ရှိ နီကျင်ကျင် ဖွာလန်ကျဲဆံပင်ကို ဆွဲပြလိုက်သေးသည်။ ငေးကြတုန်း။ အားကျနေတုန်း။

"ကျောင်းဝင်းထဲလဲရောက်ရော စိမ်ပန်းပင်တွေတန်းနေတဲ့ ခုံတန်းလေးမှာ သီရိနွယ်က စောင့်နေတုန်းရှိသေးတယ်၊ သူ့မျက်နှာလေးကငယ်ပြီး နှုတ်ခမ်းက စူပွစူပွဖြစ်နေပြီ၊ ငါ့ကိုမြင်တော့ တစ်ဖက်လှည့်သွားတာပေါ့ကွာ၊ သိတယ်မဟုတ်လား၊ အချိန်ကလဲ တစ်နာရီနီးပါး နောက်ကျသွားတာကိုး၊ ငါ့ကိုလဲ စကားမပြောတော့ဘူး၊ ဒါပေမယ့် သိတယ်မဟုတ်လား၊ ငါက မင်းတို့လိုမဟုတ်ဘူး၊ မိန်းမ အကျောနပ်တယ်လေ"

အားလုံးကို ဝေ့ကြည့်ရသေး၏။ အားလုံးငေးကောင်းတုန်း။

"ငါလဲ ဘာမှပြောမနေတော့ဘဲ ငါ့ရဲ့ ဟောဒီရင်ခွင်ကျယ်ကြီးထဲ တစ်ခါတည်း ဆွဲသွင်းလိုက်တာ"

အားလုံးက ရင်ခွင်ကျယ်ဟု အမည်ရသော နံရိုးပြိုင်းပြိုင်းငေါထွက်နေသော ခန္ဓာပိန်ကို ကြည့်ကြသည်။ ကျွန်တော်က ထင်ပေါ်လှသော စတုတ္ထနံရိုးကို လက်သီးဆုပ်နှင့် ခေါက်ပြရင်း

"မိန်းကလေးတွေက ဒီလို ကြွက်သားပေါ်နေတာမျိုးကို သဘောကျတယ်မဟုတ်လား၊ နောက်ပြီး ငါက အဝေးကြီးက ပြေးလာရတာဆိုတော့ ချွေးနဲ့ ကိုယ်သင်းနံ့တွေနဲ့ မရှုန်းနိုင်တော့ဘူးလေ၊ အဲဒါနဲ့ ငါလဲ သူ့မေးလေးကိုဆွဲပြီး ပါးလေးကို ရှုလူးခနဲ"

အားလုံး နှာခေါင်းတုံးတုံးကြီးတွေ လိုက်ရှုလူးကြပုံရ၏။ အတန်ကြာမှ နံဘေးနား ငုတ်တုတ်ထိုင်နေသော ဖိုးအောင်က မရှုမရဲဖြင့်

"အဲဒီအချိန်မှာ အစ်ကို့ပါးပြင်လဲ ရှက်သွေးတွေ ရဲနေမှာပဲနော်"

သူ့အမေးကြောင့် ကျွန်တော်လဲ အားတက်ပြီး

"ဒါပေါ့ကွ၊ ချစ်သူ့ရဲ့ပါးပြင်ကို နမ်းတဲ့အချိန်မှာ ကိုယ့်မှာလဲ ရှက်သွေး"

စကားပင်မဆုံးလိုက်။ ကြားလိုက်ရသောအသံက

"ဘာရှက်သွေးလဲ၊ ရှက်ကြောမရှိတဲ့သူက ဘယ်လိုရှက်သွေးဖြန်းမှာလဲ"

"ရှက် ရှက်ကြော"

စကားပင် ဘယ်လိုဆက်ရမှန်းမသိတော့။ ကြည့်လိုက်တော့

"ငမျိုး"

ငမျိုးကိုမြင်တော့ တွန့်ဝင်သွားမိသည်။ မှန်၏။ ဒီကောင်က ကျွန်တော်နှင့် ရန်ကုန်က အတူလာခဲ့သူ။ ကျွန်တော့်အကြောင်း ဆံပင်မှအစ ခြေဖဝါးအဆုံးသိသူ။

အခွင့်ရတုန်း ရွာသားများကို မဟုတ်မဟတ်ဇာတ်လမ်းဆင်

www.burmeseclassic.com



ပြောမြန်နေရာမှ ယခု မျိုးရောက်လာ၍ စိတ်ကူးနှင့်ကျင့်နေသော ဘလက္ကာယအမှုကလေးပင် အဖမ်းခံလိုက်ရပေပြီ။ ထို့ကြောင့်

"မင်း မင်းကလဲကွာ၊ ရှက်ကြောတော့ နည်းနည်းရှိပါတယ်ကွ၊ အဟဲ"

ကျွန်တော့်မျက်နှာချိုသွေးစကားကို ငမျိုးက ရှုံ့မဲ့လိုက်ပြီး

"ဘာရှက်ကြောလဲ၊ မွေးကတည်းက ရှက်ကြောနဲ့ ချက်ကြောများဖြတ်ခံနေရတဲ့သူကများ ဟွန်း ပြောနေလိုက်တာ၊ ကိုယ်သင်းနံ့တဲ့"

ကျွန်တော်က ကိုယ့်ကိုကိုယ် ပြန်ငုံ့နမ်းရင်း

"မွှေးပါတယ်ဟ၊ မင်းကလဲ"

"ဘာမွှေးလဲ၊ အရက်နံ့တွေ မွှန်ထောင်နေတဲ့ဟာ"

"ဝေါ့"

ဒီရုပ်နဲ့
ဒီရုပ်ကွာ
ကောင်မလေးတွေ
အသွားရှုရှုမို့မပြောနဲ့
ခွေးကောင်
အသတ်ခံပြီး
လျှာနဲ့တက်မလျက်တာ
ငါတို့သိပါတယ်။





ဟုတ်မဟုတ် အနံ့ခံလာသော ထူးနိုင် အော့အန်မလို ဖြစ်သွား၏။ ကျွန်တော်လဲ ရှက်ကိုးရှက်ကန်းနှင့်

"ဟိုလေ၊ အနံ့မမွှေးတာတောင် ဗလက"

"ဘာဗလလဲ၊ ခန္ဓာကိုယ်ကလဲ ကြည့်ဦး၊ မြေပါသိသမင်မှ ကိုယ်ဝန်လွယ်ထားရသလို နေ့စေ့လစေ့ကြီး"

ကျွန်တော်လဲ ခုန အကောင်းလုပ်ပြီး ကော့ကော့ပြနေသော ခန္ဓာကိုယ်ကို ကျုံ့ထားလိုက်မိသည်။ ဒါကို ငမျိုးက ငေါထွက်နေသော နေရာကို လက်ညှိုးနှင့်တောက်ပြပြီး

"နံရိုးတွေကလဲ ကြည့်ဦး၊ တံခါးလက်ကိုင်သံပန်းတွေလို၊ ဆံပင်လဲကြည့်ဦး၊ မကောင်းတတ်လို့သာ တက်ပေါက်နေရတာ၊ သူတို့ခများ မပေါက်ချင်ရှာဘူး၊ ဒါကြောင့် ကျိုးတိုးတဲ့တဲ့နဲ့"

ဆက်ပြောလျှင် ရစရာပင်ရှိတော့မည်မဟုတ်။ ထို့ကြောင့် စကားဖြတ်သည့်အနေနှင့်

"မင်းကလဲကွာ၊ ရုပ်ရည်နဲ့အကျင့်ပဲ မကြည့်နဲ့လေ၊ စွမ်းတာလေးတွေလဲ ရှိပါတယ်"

ကျွန်တော့်စကားကို ငမျိုးက မျက်နှာပိုရှုံ့မဲ့လိုက်ပြီး

"ဘာစွမ်းတာရှိလဲ၊ အဖွားလက်နှစ်လုံး၊ အဖိုးလက်နှစ်သစ်၊ တစ်ဆွေလုံးတစ်မျိုးလုံးပေါင်းမှ ခြောက်လက်မ မကျော်တဲ့ဟာကများ"

သူ့စကားကြောင့် ကျွန်တော်လဲတင်းပြီး

"ဟော့ကောင် အဖွားလက်နှစ်လုံး၊ အဖိုးလက်နှစ်သစ်နဲ့ လူဖြစ်အောင် မွေးလို့ရတယ်ကွ၊ မယုံရင် မင်းကောင်မလေးလွှတ်လိုက် လုပ်ထည့်လိုက်လို့ ကံကောင်းရင် ခြောက်လ၊ ကံမကောင်းရင် ကိုးလအထိ မပေါ့မပါးဖြစ်သွားမယ်၊ ဘာမှတ်လဲ"

"ခင်ဗျား ဘာစကားပြောတာလဲ ရှိုင်းလှချည်လား"

"ငါဆိုလိုတာက ငါ့ဒုက္ခကို ထမ်းထားရမယ်လို့ ဆိုလိုတာကွ"

www.burmeseclassic.com

www.burmeseclassic.com



မင်းအတွေးကိုက ရိုင်းနေတာ"

"ခင်ဗျားစကားကိုက နှစ်ခွ"

"တစ်ခွပါပဲကွာ၊ တစ်ခွတောင် အနိုင်နိုင်"

"ဟေ့လူ ခင်ဗျား"

"ကဲ ကဲ တော်ကြပါတော့ဗျာ၊ တော်ကြပါတော့"

ကျွန်တော်တို့နှစ်ယောက်ကြား ရွာသားထူးနိုင်က ကြားဝင်ပြီး

"ငမျိုးကလဲကွာ၊ ကိုကြည်ပြောတာ ပြောပါစေ၊ သူ့ရုပ်သူ့ရည်နဲ့ ဘာမှသောက်ဖြစ်မရှိတာ ပေါ်လွင်ပြီးသားပါ"

"ဟမ်"

သူ့စကားကြောင့် ကျွန်တော်တွန့်ဝင်သွားရသည်။ ဒါကို နံဘေးနားက ဖိုးအောင်က

"ဟုတ်သားငမျိုးရာ၊ ဒီရုပ်ဒီရည်နဲ့ ငါတို့လဲ ခန့်မှန်းတတ်ပါတယ်၊ ဒါပေမယ့် ငါတို့ရွာမှာ ဘာမှဧည့်ခံစရာမရှိလို့ သူ့စကားကို စိတ်ဝင်စားချင်ယောင်ဆောင်ပြီး နားထောင်ပေးနေတာ၊ ဒါပဲ ဧည့်ခံစရာရှိလို့ ဧည့်ခံနေတာပါ။ ဒီရုပ်နဲ့ဒီရုပ်ကွာ ကောင်မလေးတွေ အာဘွားရှုလူးဖို့မပြောနဲ့၊ ခွေးတောင် အသတ်ခံပြီး လျှာနဲ့တက်မလျက်တာ ငါတို့ သိပါတယ်၊ ဒါပေမယ့် ကိုယ့်ဆီလာတဲ့ဧည့်သည် ပျော်သွားအောင် ပြောချင်တာပြောဆိုပြီး လွှတ်ထားတာပါ၊ ငါတို့မှာလဲ ဦးနှောက်ရှိပါတယ် မင်းကလဲ၊ ပြော ပြော ကိုကြည်ဆက်ပြော"

ကျွန်တော် သဘောပေါက်သွားပြီ။ ဒီကောင်တွေ တဆိတ် ကျွန်တော့်ကို အထင်သေးလွန်းသွားပြီ။ ထို့ကြောင့် ရုတ်တရက်ထပြီး

"မင်းတို့က ငါ့ကို အထင်သေးတယ်ဟုတ်လား၊ အေး ဒါဆို မြဲမြဲမှတ်ထားလိုက်၊ ငါ ဟောဒီရွာကမပြန်ခင် မင်းတို့ရွာသူတစ်ယောက်ကို အာဘွားရှုလူးပြသွားမယ်၊ အဲဒါ ငါ့ရဲ့ သံနို့ဌာန်၊ ပေးစမ်းဂစ်တာ"





အားလုံး ပြုံးစိစိဖြစ်ကုန်၏။ ပြက်လုံးတစ်ခုကို ကြားလိုက်ရသလိုသာ ထင်နေဟန်တူ၏။ မျိုးအောင်က နံဘေးနားထားသော ဂစ်တာကို ကမ်းပေး၏။ ကျွန်တော်က ဂစ်တာကိုဆွဲယူပြီး

"ပြောစမ်း၊ ဘယ်နားအပျိုရှိလဲ"

ကျွန်တော် ကိုယ့်အစွမ်းအစကိုယ် ယုံကြည်စွာ ရဲရဲကြီး မေးလိုက်သည်။ ဒါကို ထူးနိုင်က

"ရွာလည်နားက ဖိုးဇေတို့အိမ်နားမှာရှိတယ် ကိုကြည်၊ မသီတာတို့အိမ်မှာ အပျိုလေးတွေ လေးယောက်လောက်ရှိတယ်၊ ကျွန်တော်လိုက်ပြမယ်"

ဒါကို ကျန်သူများကလဲ

"ဟာ ဒါဆို ငါတို့လဲလိုက်မယ်လေ၊ ချန်မထားပါနဲ့"

"ဟုတ်သား ကိုကြည့်အစွမ်းအစကို လိုက်ကြည့်တာပေါ့"

အားလုံး တသီကြီး ကျွန်တော့်နောက်ကို လိုက်ခဲ့ကြသည်။

ကျွန်တော်က အင်္ကျီဗလာကျောင်း၊ လုံချည်ခါးတောင်းကျိုက်နှင့် ဂစ်တာကြီးထမ်းပြီး မပေါက်ချင်ပေါက်ချင်ပေါက်နေသော ခါးလည်လောက်ရှိ ဆံမွေးနီကြောင်ကြောင် တခါခါ။

ကျွန်တော့်နောက်တွင်တော့ ကျွန်တော့်လို အင်္ကျီဗလာကျောင်းနှင့် ရွာသားဆယ်ဦးခန့်က ကပ်ပါလာလေတော့သည်။

× × ×

www.burmeseclassic.com



အညာနွေညများ၏ ထုံးစံအတိုင်း အပူငွေ့က မပြယ်သေး။

နေ့ခင်းပိုင်းက ပူခဲ့သမျှအပူများမှာ မြေပြင်ထဲထိစိမ့်ဝင်ပြီး ညခင်းနေရောင်မရှိတော့သော အချိန်ထိလဲ နေ့ခင်းပိုင်းက စုထားသော အပူများမှာ တံလျှပ်သဖွယ် မြေပြင်ထဲမှ ပြန်လည်ထိုးထွက်လာကြပြီ။

ထိုအချိန်မျိုး၌ မြေပြင်၏ ဘယ်နေရာနေနေ အပူမှာသေသည်ဟူ၍မရှိ။ တရှိန်ရှိန်နှင့် လူကိုဟပ်ဆဲ။ ထို့ကြောင့် အညာသည် ညဦး၌ အိပ်ရိုးထုံးစံမရှိ။ မြေပြင်မှအပူရှိန်ကျမှပင် အိပ်ရာဝင်ကြမြဲ။

ယခု အညာသားများပင် ငြီးယူရသော အညာညဦး၌ ကျွန်





တော်အပါအဝင် လူရွယ်ဆယ်ဦးခန့်မှာ ပူပြင်းလှသော အညာလမ်းမကြီးပေါ် နှလုံးမြေကျထိုင်၍ လာသမျှအညာသူလူမရွေး၊ ကံစမ်းမဲမပါဘဲ ဂစ်တာတစ်လက်နှင့် ကြူပွဲစတင်ရန် ကြံစည်နေကြခြင်းဖြစ်သည်။

"ကဲ ကိုကြည်၊ ဒီရုပ်ဒီရည်တွေ မြင်တာနဲ့ ဘယ်အမျိုးကောင်းသမီးကမှ အပြင်ထွက်ရဲကြမယ် မထင်တော့ဘူး၊ အဲဒီတော့ ပြန်အိပ်ရင်အိပ် မအိပ်ရင်လဲ တစ်နေရာသွားဝိုင်းမှနဲ့တူတယ်"

ဖိုးအောင်၏စကား။ ဒါကို ကျွန်တော်က ကိုယ့်ကိုကိုယ် ယုံကြည်မှုပြည့်ဝစွာဖြင့် ရှိစုမဲ့ရင်ကို တင်ခနဲနေအောင် ကော့ထုတ်လိုက်ပြီး

"သူတို့က ကြူဖို့မထွက်ရင် ကိုယ်က ချူထုတ်ရမှာပေါ့ ဖိုးအောင်ရဲ့"

"ဘာလဲ သဘော်ရိုးနဲ့လား"

"အဲဒါ ဝမ်းချူတာကွ၊ ကော်င်မလေးတွေ သဘော်ရိုးနဲ့ချူလို့ရမလား"

ကျွန်တော့်စကားကို ဖိုးအောင်က ခေါင်းကုတ်ပြီး

"သိပါဘူး၊ ကျွန်တော်လဲ ဒီလောက်ကြားဖူးတာ၊ ဒါဖြင့် ဘာနဲ့ချူမှာလဲ"

သူ့အမေးကို ကျွန်တော်က ပါလာသောဂစ်တာ ထောင်ပြပြီး

"ဒါနဲ့ချူမှာလေ"

"ဟယ် အကြီးကြီး"

"ဟာ မင်းကလဲ တွေးလိုက်မှဖြင့် ပေါက်ကရချည်းပဲ၊ ငါ့ရဲ့ဂီတသံနဲ့ ချူလိုက်ရင် ကောင်မလေးတွေ တုန်ဆင်းသွားမှာပါကွ"

"ဟင် ဟုတ်လား၊ ဒါဖြင့်လုပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



အများကမြှောက်ပေး၍ ကျွန်တော်လဲပါလာသောဂစ်တာကို တင်တောင်တင်တောင်မြည်အောင် အသံစမ်းလိုက်သည်။

"ငါအင်္ဂလိပ်လို ဆိုလိုက်ရင် သူတို့နားလည်ပါ့မလား"

အားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်၏။

"ထားလိုက်ပါ။ မြန်မာလိုပဲ ဆိုလိုက်ပါ့မယ်"

အမှန်တော့ ကိုယ်တိုင်လဲ အင်္ဂလိပ်လို တစ်လုံးမှမတတ်။ ဒါကို အခွင့်ရတုန်း မသိမသာ ကျောလိုက်ခြင်းသာ။ ကိုယ့်ဘာသာကိုယ်ဆိုလျှင်

"what is my name"

"who am I"

ဆိုတာလိုမျိုး ဖြစ်နေသည်။ ဒါကို အတတ်ကြီးလုပ်ပြီး အလစ်အငိုက်မှတစ်ချက်လောက် ကျောဖြစ်အောင်ကျောလိုက်ခြင်းဖြစ်၏။

"တင်းတောင် တင်းတောင်"

ဂစ်တာကို ခပ်တည်တည်နှင့် ကြိုးညှိလိုက်သည်။

"ဟ ဟ ကိုကြည် ခဏနေဦး၊ အိမ်ထဲမှာ ရန်ဖြစ်နေကြတာလား"

ထူးနိုင်က ပခုံးကိုင်၍ပြောသည်။ အသေအချာ နားစွင့်ကြည့်တော့

"ဟဲ့ ငါမှန်တယ်ထင်လို့လုပ်တာပဲ၊ ဘယ်သူ့ဂရုစိုက်ရမှာလဲ"

"မှန်တယ်ထင်တိုင်း လုပ်လို့ရမလား၊ ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်လေ"

အိမ်ထဲမှ အော်ကြီးဟစ်ကျယ်ထွက်လာသော စကားသံများ

"ဟာ အကြီးမ မပုံ့နဲ့ အလတ်မအေးစံ ရန်ဖြစ်နေတာပဲ"

ဖိုးအောင်မှ ထောက်ခံသည်။





"ဟာ ဒါဆို မဖြစ်ဘူးထင်တယ်၊ သိပ်မကြာခင် လက်ပါကြတော့မှာ၊ အဲဒီတော့ကျရင် သူတို့မိဘတွေက ပတ်ဝန်းကျင်ပါ ဝတ်ကြမ်းမှာ"

ကျော်ဝင်းက ထပြေးမလိုပင်ဖြစ်နေ၏။

"ဟဲ့ ပတ်ဝန်းကျင်ကို ဘာလို့ဂရုစိုက်နေရမှာလဲ၊ သူတို့က ထမင်းကျွေးထားတာ မဟုတ်ဘူး၊ ကိုယ့်ဘာသာကိုယ်စားတာ"

"ဒီအရွယ်ကြီးရောက်လို့ ပတ်ဝန်းကျင်ဂရုမစိုက်ရင် နင့်ဘဝဟာ"

ရန်ပွဲက ပို၍အရှိန်မြင့်လာပေပြီ။ ဒါကို အတူပါလာသော ငမျိုးမှပင်

"ဟုတ်တယ် ကိုကြည်၊ ဒါ အပူပိုင်းဒေသနော်၊ လူတွေတာ သွေးဆူသိပ်လွယ်တာ၊ တော်ကြာ ကိုယ့်ဖက်လှည့်လာလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

ဂျာမနီက

ဂျူးတွေကို

မျိုးဖြုတ်သတ်ပစ်နေတဲ့

အချိန်မှာတောင်

ဂျာမန်ပိုလ်ချုပ်တစ်ယောက်က

ဂျူးဂီတသမား

တစ်ယောက်ကို

ဝှက်ထားပေးခဲ့ဖူးတယ်၊





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြုံးမိသည်။ ဒီကောင်တွေ ဂီတရဲ့စွမ်းပကားကို မသိသေး၍ ဤစကားမျိုး ဆိုပုံရသည်။ ထို့ကြောင့်

"ဒီမှာ မင်းတို့မှတ်ထား"

အားလုံး ကျွန်တော့်ကိုကြည့်သည်။

"ဂီတဆိုတာ ငြိမ်းချမ်းရေးကို ဖော်ဆောင်တာ၊ ကမ္ဘာစစ်ကြီးဖြစ်တာတောင် ဂီတသံက လူတွေရဲ့ စိတ်နှလုံးကို အေးချမ်းစေတုန်းပဲ၊ ဂျာမနီက ဂျူးတွေကို မျိုးဖြုတ်သတ်ပစ်နေတဲ့ အချိန်မှာတောင် ဂျာမန်ဗိုလ်ချုပ်တစ်ယောက်က ဂျူးဂီတသမားတစ်ယောက်ကို ဝှက်ထားပေးခဲ့ဖူးတယ်၊ ယုတ်စွအဆုံး အသိဉာဏ်နည်းတဲ့ မြွေဟောက်တောင်မှ ပလွေကထွက်တဲ့ ဂီတသံကြားရင် ငြိမ်ကျသွားရတာပဲကွာ၊ ဟားဟား ဒီရန်ပွဲလောက်က ငါ့ဂီတသံကြားရင် ငြိမ်းချမ်းသွားစေရမယ်၊ ဟွင်းဟွင်း"

ရှည်လျားစွာရှင်းပြရင်း ဂစ်တာကြီးကို တင်းတောင်တင်းတောင် ဆက်ညှိသည်။ အတွင်းမှာ ပွဲက ဆူနေတုန်း။

"အေး ငါမှန်တယ်ထင်လို့လုပ်တာ၊ ဘယ်သူ့ဂရုစိုက်ရမှာလဲ"

"အဲလိုပြောလို့ မရဘူးလေ၊ နင်မှန်တိုင်း ပတ်ဝန်းကျင်က မမှန်နိုင်ဘူး"

အတွင်းမှ ပွက်ပွက်ဆူထွက်လာသော အသံကိုဖုံးရန် အသံဆယ့်နှစ်ကီး ဘယ်ကီးနဲ့မှမကိုက်သော ကျွန်တော့်အသံကိုမြှင့်၍ သူတို့နှင့်လိုက်ဖက်မည့်သီချင်းကို ဤသို့စလိုက်သည်။

"မှန်တယ်ဆိုလုပ်စမ်း"

ကျွန်တော်၏အသံပြု အသံဝဲကြီးကြောင့် အားလုံးရုတ်တရက်ကြောင်သွား၏။ ကျွန်တော်က ဝမ်းသာအားရ အသံကိုမြှင့်၍ ဆက်ဆိုလိုက်သည်။

"မှန်တယ်ဆိုလုပ်လိုက်၊ ဒီရင်မှာ သွေးဆိုးတွေ သွေးညစ်တွေ





ရှိသမျှ အကုန်ဖောက်ထုတ်လိုက်စမ်းပါ၊ အို သတ္တိတော့ရှိ"

တစ်ခေတ်တစ်ခါက ဦးကျော်ဟိန်းတို့ ကိုချစ်ကောင်းတို့၏ နာမည်ကြီးသီချင်း။

"ဘုရားအသိ၊ တခြားလူသိဖို့ မလိုဘူးဟေ့"

ကျွန်တော့်၏ အသံပြဲအသံကွဲကြီးကြောင့် အားလုံးကြောင်ပြီး ငြိမ်ကုန်၏။ ကျွန်ကော် ဝမ်းသာအားရပင် အသံကိုမြှင့်၍ ထပ်ဆိုလိုက်သည်။

"မှန်တယ်ဆိုလုပ်စမ်း"

ကျွန်တော့်စာသားနှင့်အပြိုင် ထွက်ပေါ်လာသောအသံတ

"အေး ငါမှန်တယ်ထင်လို့လုပ်တာ ဘာဖြစ်လဲ"

ကျွန်တော့်အသံကလဲ ကပ်လျက်

"မှန်တယ်ဆိုလုပ်လိုက်"

"ဟဲ့ မှန်တယ်ထင်တိုင်း လုပ်လို့ရမလား၊ ပတ်ဝန်းကျင်ဆိုတာ ရှိတယ်"

"ဒီရင်မှာ ရှိသမျှ ဒီသွေးဆိုးတွေ သွေးညစ်တွေ ဖောက်ထုတ်လိုက်စမ်းပါ"

"ဟဲ့ကောင်မ၊ နင့်သွေးဆိုးတွေ သွေးညစ်တွေ ငါလာဖောက်ပြီဟေ့"

"သတ္တိတော့ရှိ"

ကျွန်တော့်သီချင်းသံနှင့် ဟာမိုနီလိုက်နေသလို ပေါ်ထွက်လာသော ရန်ဖြစ်သံများ။

"ကောင်မ သတ္တိရှိရင် လာခဲ့စမ်းပါ"

အိမ်တွင်းမှ ဝုန်းဒိုင်းကျဲသံများ ကြားရ၏။

"ဘုရားအသိ"

"ငါမှန်တာ ဘုရားသိတယ်ဟဲ့ ကောင်မရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တခြားလူသိဖို့ မလိုဘူး"

"ဟဲ့ တခြားလူလဲသိဖို့လိုတယ်ဟဲ့၊ ကိုယ်မှန်တယ်ဆိုပြီး ကြိတ်နေလို့ မရဘူး"

အိမ်တွင်းနပန်းလုံးသံများ ပန်းကန်ပြားပွဲများ မြင်နေရသည်။ ကျွန်တော်က ကိုယ့်ဂစ်တာဆိုလိုနှင့် ငြိမ့်နေတုန်း။ ဂစ်တာဆိုလိုပြီးသည်နှင့်

"မိန်းကလေး မင်းကျေနပ်ပလား"

"မကျေနပ်ဘူးဟေ့၊ မကျေနပ်နိုင်ဘူး၊ ကဲဟာ"

နည်းနည်းငြိမ်သွားသော မိန်းမများ ထိုသီချင်းသံကြားသည်နှင့် ပြန်ခုန်ထွက်ကာ ဝုန်းဒိုင်းကျဲကုန်ကြပြန်၏။

"အေး ငါကလဲ ကျေနပ်နေတယ်ထင်လား ကောင်မရဲ့"

"လုပ်သင့်တာလုပ်လေ"

သီချင်းသံနှင့်အတူ

အိမ်ကြီးတစ်ခုလုံး

တုန်ခါနေ၏။ ရန်ပွဲက

စစ်ပွဲတမျှ ပြင်းထန်နေပြီ။

ကျွန်တော်လဲ

ဝမ်းသာအားရ

သီချင်းကို

ပြန်ကျော့လိုက်၏။







"နင့်ကို ဟောဒီလို ဟောဒီလိုပဲ လုပ်သင့်တယ်ဟေ့"

"ငါကတော့ နင့်ကို ဟောဒီလိုပဲ လုပ်သင့်တယ်လို့ပဲ ထင်တယ်ဟေ့"

"ဖြန်း ဖြန်း"

ရန်ပွဲက ဇာတ်ရှိန်ပိုမြင့်လာသည်။

"မိန်းကလေး မင်းကျေနပ်ပလား"

"ဟဲ့ မကျေနပ်နိုင်ဘူး၊ နင့်ကို ဟောဒီလို"

"ဟဲ့ နင်က ဒီလိုဆို ငါက ဒီလို"

အိမ်တွင်းအိုးခွက်ပန်းကန်သံ၊ ဒယ်အိုးသံ၊ ဘီဒိုကျွကွဲသံများ ကြားရ၏။

"လုပ်သင့်တာလုပ်ဟေ့"

"အေး လုပ်သင့်တာ လုပ်ပြီဟေ့"

သီချင်းသံနှင့်အတူ အိမ်ကြီးတစ်ခုလုံး တုန်ခါနေ၏။ ရန်ပွဲက စစ်ပွဲတမျှ ပြင်းထန်နေပြီ။ ကျွန်တော်လဲ ဝမ်းသာအားရ သီချင်းကို ပြန်ကျော့လိုက်၏။

"မှန်တယ်ဆိုလုပ်စမ်း"

သီချင်း ထိုမျှဆိုရသေး၏။ အတွင်းမှကြားရသောအသံတ

"ဟေ့ ဘယ်ကောင်လဲကွ၊ ငါ့သမီးရန်ဖြစ်တာကို လာမြှောက်ပေးနေတာ၊ ငါလာပြီကွ"

အိမ်တွင်းမှ ကြားလိုက်ရသော အသံကျယ်ကျယ်။ ကျွန်တော်က သူ့ထက်အသံမြှင့်၍

"မှန်တယ်ဆိုလုပ်လိုက်"

ကျွန်တော့်သီချင်းသံနှင့်အတူ အိမ်တွင်းမှ အသံကလဲ

"အေး ငါကလဲ မှန်တယ်ဆိုလုပ်မယ့်ကောင်ကွ၊ ငါလာပြီ"

ထိုအသံကြားတော့ နံဘေးနားက ရွာသားများက လှုပ်လှုပ်



www.burmeseclassic.com

www.burmeseclassic.com



ရွှရွှဖြစ်ကုန်ပြီ။

"ဟာ ဟိုမှာ မပုံ့တို့ အေးစံတို့အဖေ ဦးစံတိုးကြီး မားကြီး ဆွဲထွက်လာပြီ"

"ဟာ အေး ဟုတ်တယ်၊ ပြေးကြ ပြေးကြ"

"ဟော့ကောင်တွေ ပြေးနိုင်မှလွတ်မယ်"

သူတို့က သုတ်ခနဲ ထပြေးကြ၏။ ကျွန်တော်က ကိုယ့်ဖီး(လ်) နှင့်ကိုယ် သီချင်းဆက်ဆိုကောင်းတုန်း။ အိမ်တွင်းရန်ပွဲကလဲ အရှိန်မြင့်တုန်း။

"ဒီရင်မှာရှိသမျှ ဒီသွေးဆိုးတွေ သွေးညစ်တွေ ဖောက်ထုတ်လိုက်စမ်းပါ"

"အေး အဲဒီသွေးဆိုးတွေဖောက်ဖို့ လာပြီဟေ့"

ဆိုသောအသံနှင့်အတူ ဒုန်းခနဲ ပွင့်လာသောခြံတံခါး။

"ဟာ"

ခြံဝမှာ ငှက်ကြီးတောင်မား ကားရားကြီးနှင့် လူတစ်ယောက်။

"ဟော့ကောင် မင်းလားကွ၊ ငါ့သမီးတွေကို မြှောက်ပေးနေတာ ယား"

ဆိုပြီး ပြေးအလာ။ ထိုတော့မှ ကိုယ်လဲ ခြေအလွန်မြန်မှန်း သိလိုက်ရသည်။ လန့်ပြီး သုတ်ခနဲ ထအပြေး

"ဘုရားအသိ"

ပါးစပ်က အရှိန်လွန်နေတယ် ထင်ပါရဲ့ဗျာ။ စာသားက ထွက်ကိုထွက်သေးတယ်။

"အောင်မလေး တခြားလူသိဖို့မလိုဘူး"

"ဟာ"

ကျွန်တော် ထပြေးတော့မှ မားကိုင်ထားသော ဦးစံတိုးကြီး ကြောင်သွား၏။ နောက် သူ့နှုတ်မှလဲ ကတုန်ကယင်နှင့်





"ဟာ မိန်းမကြီး၊ မိန်းမကြီး၊ ဆံပင်ဖားလျားကြီး ဘော်လီလဲ မပါဘူး၊ ထဘီလဲ ခါးတောင်းကျိုက်ကြီးနဲ့"

အညာညပူပူမှာ လရောင်ဖွေးဖွေးအောက် ဆံပင်ဖားလျား၊ ခါးတောင်းကျိုက်ကြီးနှင့် ဂစ်တာထမ်းပြေးသွားသော ကျွန်တော့်ကို ဦးစံတိုးကြီးမှာ ကြောင်၍ ကျန်ခဲ့ရရှာလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



"ပေါင်နဲ့ဖင်က တစ်တိုင်းတည်းကွ၊ နောက် ပျော့ပျော့ကြီး၊ ဒါကိုကြည့်ခြင်းအားဖြင့် ဒီအဘွားကြီး အတော်အိုနေပြီဆိုတာ သိသာတယ်၊ အပျိုဖင်ဆို တင်းတင်းရင်းရင်းရှိရမယ်၊ ဟုတ်ဘူးလား"

ကားဂိတ်လက်ဖက်ရည်ဆိုင်တွင် ဦးစံတိုး၏ အသံကျယ်ကျယ်ကို ကြားနေရသည်။

ကျွန်တော်က တောဘုန်းကြီးကျောင်းသွားရန် ပြင်ဆင်ထားသော ထွေလာဂျီပေါ် ခေါင်းဝှက်နေရခြင်းဖြစ်၏။

"နောက်ပြီး ဆံပင်က ကျိုးတိုးကျဲတဲနဲ့ ဖြူတစ်ဝက် နီတစ်ဝက်ကွ၊ အပေါ်ပိုင်းမှာလဲ ဘာမှဝတ်ထားပုံမပေါ်ဘူး"





ရွာသားများကို ဦးစံတိုးက ညကသူမြင်ခဲ့ရသော သဲထိတ်ရင်ဖိုဇာတ်လမ်းအား ပြန်လည်ဖောက်သည်ချနေခြင်းဖြစ်သည်။

"အဲ ငါမရှင်းတာက အင်္ကျီချွတ်နဲ့ ခါးတောင်းကျိုက်အဘွားကြီးက ဘာလို့ ဂစ်တာထမ်းပြေးရတာလဲလို့"

သူ့စကားကို စက်ဘီးပြင်သော ညိုလုံးက

"ဟာဗျာ၊ ဦးစံတိုးဟာက ဖြစ်နိုင်ပါ့မလားဗျာ၊ အင်္ကျီလဲမပါဘူး၊ ထဘီလဲ ခါးတောင်းကျိုက်ထားတဲ့ အဘွားကြီးက ဂစ်တာထမ်းပြေးတယ်ဆိုတာ"

ဒါကို နံဘေးနားက လက်ဖက်ရည်အဖျော်ဆရာ ခင်မော်က

"အေးလေ၊ ဦးစံတိုးတွေ့ခဲ့တာ သရဲများလား"

"အာ သရဲက ဂစ်တာထမ်းပြေးမလားကွ"

"ဒါဆို ဥစ္စာစောင့်ဖြစ်မယ်"

"ထွီ အင်္ကျီဝတ်ဖို့တောင် မရှိအောင်ဆင်းရဲတဲ့ ဥစ္စာစောင့်မင်းကြားဖူးလို့လား"

အားလုံး ဦးစံတိုးစကားကို ပဟေဠိတွေ ဖြစ်နေကြသည်။ ဖြစ်ပေမပေါ့။ ကျွန်တော်ကလဲ ဒီရွာခံ ငမျိုးကောင်းမှုနဲ့ မနေ့ညတာမှ ဒီရွာရောက်တာကိုး။ ယခုလဲ ညကအဖြစ်ကိုရှက်ပြီး ထွေလာဂျီပေါ် ခေါင်းဝှက်နေတာဆိုတော့ ကျွန်တော်မှန်းပင် မသိကြသေး။ ထို့ကြောင့် ညက အဖြစ်အပျက် ဆွေးနွေးကောင်းချင်တိုင်း ကောင်းနေတာ။

"ကိုကြည် ကိုကြည်"

ရွာခံ ဖိုးဇေခေါ်သံ။ ကျွန်တော် အသာအယာ ခေါင်းထောင်ကြည့်လိုက်သည်။

"ဟေ ဘာလဲကွ"

ဖိုးဇေ၏ စပ်ဖြဲဖြဲမျက်နှာ မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အပျိုး ရွာက အပျိုရှိသမျှ အားလုံးခေါ်ခဲ့တာဗျ၊ အားလုံး ဆယ့်နှစ်ယောက်တောင်"

ကျွန်တော် ဝမ်းသာသွားသည်။ ယခုခရီးမှာ တောရဘုန်းတော်ကြီးဖူးရန်ဟူ၍ ခေါင်းစဉ်တပ်ထားသော်ငြား ထိုတစ်ခုတည်းမဟုတ်။

နယ်တကာလှည့်ပတ်ဆတ်ဆလူးထလာတာတောင် မစွံသော ကျွန်တော့်အား သူတို့ရွာသူတစ်ပါးပါးနှင့် နှစ်ပြားဂဟေဆက်ရန် အဲလေ နှစ်ပါးဂဟေဆက်နိုင်ရန် ကြံရွယ်ထားသော ဇာတ်လမ်းလဲရှိသေး၏။ ထို့ကြောင့် ရွာရှိအပျိုကုန်ကို ဆင့်ခေါ်ထားခိုင်းခြင်းပင်။

"အဲဒီအထဲမှာ ကျွန်တော်ပိုးနေတဲ့နှစ်ယောက်တောင် ပါသေးတယ်၊ ဟီဟိ၊ ဒါပေမယ့် ရပါတယ်၊ ကိုကြည်မြင်မြင်သမျှသာ စွတ်ပိုး၊ ကျွန်တော်တို့က ငယ်သေးတယ်၊ ကိုကြည်က အိုပြီ"

မည်သို့ပင်ဆိုဆို အပျိုလေး ဆယ့်နှစ်ယောက်တိတိကို တစ်ပြိုင်နက်တည်း ပိုးခွင့်ရသော ကျွန်တော့်လောက် မည်သူကမှ ကံထူးလိမ့်မည်မထင်။ ထို့ကြောင့်

"ရပါတယ်ကွာ၊ ဒီလောက်တော့ ငါလဲရပါတယ်၊ အဟဲ"

"မရလို့ဖြစ်မလား၊ လူပျိုသက်ပဲ လေးသက်မိတော့မယ့်ဟာ"

ကျွန်တော်တို့စကားကို ဘယ်ကဘယ်အချိန် ရောက်နေမှန်းမသိသည့် မျိုးက ဝင်ဖျက်သည်။ ဖိုးဇေက မျက်မှောင်ကြုတ်ပြီး

"ဘာလဲဗျ၊ လူပျိုသက်လေးသက်ဆိုတာ"

"ဆယ့်သုံးနှစ်မှာ လူပျိုတစ်ကြိမ်၊ နှစ်ဆယ့်သုံးနှစ်မှာ ဒုတိယအကြိမ်၊ သုံးဆယ့်သုံးမှာ တတိယအကြိမ်၊ အခု လေးဆယ့်သုံးမှာ"

"ဟော့ကောင် ငါ အဲလောက်မကြီးသေးပါဘူး"

"သိပါတယ်၊ တစ်ဆွေလုံးတစ်မျိုးလုံးပေါင်းမှ ခြောက်လက်မ ကျော်တာ"

လာပြန်ပြီ ဒီခြောက်လက်မကိစ္စ။ ကျွန်တော်လဲ တင်းပြီး





"ဟော့ကောင် မလိုအပ်သေးလို့ ထုတ်မသုံးသေးတာနေ့၊ လိုအပ်ရင်"

"သိပါတယ်၊ လူနေချိုကြား စိတ်နေထုံနားဆိုတာ"

ဖိုးဇေက မျက်မှောင်ကြုတ်သွားပြန်ပြီး

"ဘာလဲဗျ၊ စိတ်နေထုံနားဆိုတာ"

"တစ်ချိန်လုံး ထုံကူးလို့လောက် ချောင်းနေတာလေ"

"ဟော ပြောရင်းဆိုရင်း လာပြီ"

ဟုတ်၏။ မှန်၏။ ရေကြည့်တော့ ကွက်တိ။ ဆယ့်နှစ်အတိ။ အညာသူများဆိုတော့ ညိုညိုထွားထွားကြီးတွေ။

"တောက် မြင်းတောင် ရွှေဘိုမြင်းမှ စီးချင်ခဲ့တာ"

စိတ်ထဲမှ ကြိတ်ရေရွတ်မိသေး၏။ အပျိုတသင်းကတော့ သူတို့ကို ပဲ့သင်းစိတ်နှင့် ကြည့်နေတာမသိဘဲ ဟီလာတိုက် အဲလေ

ထိုအမွေးများ
ဖိုးလုကွယ်လှကြား
ဘယ်လိုမှ
မသမာနိုင်သော
မျက်လုံးရည်ကို
ပင့်ကာပင့်ကာဖြင့်
အပျိုတစ်သင်းကို
နှိုးရှိုးရသေး၏





www.burmeseclassic.com

www.burmeseclassic.com



ရယ်ကာမောကာ လျှောက်လာကြ၏။

အနားရောက်လာတော့ ဖိုးဇေက

"ဒါက ရန်ကုန်မြို့ကနေ တို့ရွာလာလည်တဲ့ ကိုကြည်တဲ့၊ ကိုကြည်က ခုသာ ဘယ်သူမှမသိသေးတဲ့ အပေအတေ၊ ဒါပေမယ့် မကြာခင် နိုင်ငံကျော်အပေအတေကြီးဖြစ်လာမှာ"

သူ့စကားကို နံဘေးနားက ငမျိုးကလဲ အားကျမခံ

"ဟုတ်တယ်၊ ကိုကြည်က အခုသာ အလကားကောင်"

"နောက်ဆို"

"နောက်လဲ ပိုက်ဆံပေးရမှာမဟုတ်ဘူး"

ဘာမှမပြောတော့။ ဝင်ပြောနေလျှင်လဲ ကိုယ်အနာချည်းပဲဖြစ်မည်မို့ ဟုတ်မှန်ကြောင်း၊ အလကားကောင်သာဖြစ်ကြောင်း၊ နောင်ဆိုလဲ ဖရီး(Free)ပင်ရနိုင်ကြောင်း ခေါင်းညိတ်ပြနေလိုက်ရတော့၏။

"ကိုကြည်၊ ဒါကတော့ ခင်ရီဝင်း၊ သူက အေးချိုနွယ်၊ သူက အေးသီရိ၊ သူက ခင်မာချို၊ သူက"

အားလုံး တစ်ဒါဇင်အတိ။ အရွယ်စုံဆိုဒ်စုံ။ ပစ်ရက်စရာမရှိသောရုပ်တွေ။ (အေးလေ ကိုယ်က ဘယ်မိန်းမမှ ပစ်ရက်တာမှ မဟုတ်တာ၊ ကိုယ့်ကိုချည်း ပစ်သွားကြတာချည်း)

"ကဲ လူစုံရင် နေမမြင့်ခင် သွားရအောင်၊ အားလုံး ကားပေါ်တက်ကြ"

ဘုရားစူးကားပါဗျာ။ ရွာမှာဆိုတော့လဲ ဒါပဲ ကားလုပ်စီးနေရတာ။

"ညီမလေးတို့ အနောက်မှာထိုင်၊ အစ်ကို အရှေ့မှာထိုင်မယ်"

ဆိုကာ ကား၏အရှေ့ဆုံးသံပန်းနား နေရာယူလိုက်သည်။





ဒါကလဲ ကိုယ့်အကြံနှင့်ကိုယ်။ အရှေ့ဆုံးမှာထိုင်တော့ တစ်ကားလုံးပါ အမျိုးသမီးငယ်အားလုံးကို ခပ်တည်တည်နှင့် ပြန်လှည့်ရှုညို့နိုင်မည်ဆိုသည်ကတစ်ကြောင်း၊ နောက် နဂိုပရိုဖုရဲဆံပင်များက ကားသွားရာလမ်းဖက် ကျောပေးထား၍ လေတိုက်သောအခါ မျက်နှာပေါ် ထိုဆံပင်များကျပြီး လေအဝှေ့မှာ မျက်နှာကျ မပေါ်တဝေါ် နှင့်မို့ ကားဆောင့်ဆောင့်ခုန်တိုင်း မိန်းကလေးများ မျက်စိမှောတ်နိုင်ပေလိမ့်မည်။

ကိုယ်အညို့နှင့် သူ့အမှောက် ဒက်ထိဆုံလျှင် တစ်ယောက်သောသူကတော့ ရင်ခုန်ပေလိမ့်ဦးတော့မည်။

နောက်ဆုံးမှထိုင်လျှင်လဲ ဖြစ်တော့ဖြစ်သည်။ သို့သော် ထိုသို့ထိုင်လိုက်ပါက လေအဝှေ့တွင် အလှေ့ကျပေါက်ရောက်နေသော ဆံဖင်နီတျာတျာကြီး လေတိုးဒဏ်ကြောင့် နောက်လန်ပြီး ကိုယ့်နဖူးပြောင်ကြီး လူမြင်လျှင် စိတ်နာမည်ကတစ်ကြောင်း၊ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်လို့မှ ချစ်စမွေး တစ်စေ့တောင်မပါသော မျက်နှာတစ်ပြားကို မြင်မကောင်း ရှုမကောင်း ကွက်ကွက်ကွင်းကွင်း မြင်နေရမည်စိုး၍ တစ်ကြောင်းတို့ကြောင့် ထိုသို့ရွေးချယ်ရခြင်းသာ ဖြစ်၏။

"ထုန်း ထုန်း ထုန်း"

ကျယ်လောင်လှသော ထွေလာဂျီစက်သံ။ မျက်နှာပေါ် ကျဲဘျ လာသော ဆံပင်ဟုခေါ်သော ထိုအမွေးများ ဖုံးလုကွယ်လုကြား ဘယ်လိုမှ မသမာနိုင်သော မျက်လုံးရှည်ကို ပင့်ကာပင့်ကာဖြင့် အမျိုးတစ်သင်းကို ခိုးရှိုးရသေး၏။

"အင်း ချိုရီနွယ်လေးက မဆိုးဘူး၊ ဒါပေမယ့် ငယ်သေးလားပဲ၊ ခင်မာချိုကလဲ ငါ့အကြိုက်ပဲ၊ ညိုညိုရှည်ရှည်လေး၊ အေးသီရိက တစိမ့်စိမ့်ကြည့်တော့ လှသဟ၊ ဒါမျိုးရရင်လဲ ကျေနပ်ရမှာပဲ"

မိန်းကလေးတစ်သိုက်ကတော့ သူတို့ကို ဘယ်လိုမှမသမာ



www.burmeseclassic.com

www.burmeseclassic.com



သောစိတ်၊ မသမာသောအကြည့်နှင့် ကြည့်နေသည်ကို သိလေလား၊ မသိလေလားတော့မသိ။ သူတို့အချင်းချင်း တွတ်ထိုးရင်းသာ လိုက်ပါလာကြလေသည်။

လမ်းတွေကလဲကြမ်း၊ ချိုင့်ခွက်တွေကလဲ ပေါသည့်နေရာမို့ လူပျံတော်ပတ္တမြား မဖြစ်အောင် မနည်းကြိုးစားနေရသည်။

ထွေလာဂျီအမိုးဖွင့်တို့၏ ထုံးစံအတိုင်း ကိုင်စရာလက်တန်းကမရှိ၍ ထိုင်နေရသောသံတန်းကိုသာ လွှတ်မထွက်အောင် ကျစ်ကျစ်ပါအောင် ဆုပ်ထားရသည်။

ဒီကြားထဲ ကားဘော်ဒီမှာလဲ မြန်မာလက်ဖြစ် ဘော်ဒီကြီးမို့ သံတွေက ဆွေးသည့်နေရာဆွေး ကွက်သည့်နေရာကွက် ချွန်သည့်နေရာချွန်နှင့် မညှပ်မိအောင် မနည်းကြိုးစားနေရလေသည်။

"ထုန်း ထုန်း ထုန်း"

အမှန်တော့
lady first
ချင်လို့မဟုတ်၊
ထွေလာဂျီပေါ်မှ
ခုန်ဆင်းသွားကြလေသော
ကောင်မလေးများကို
အရသာခံကြည့်နေ
ချင်သေး၍ဖြစ်သည်။







"ခလွမ်း"

"အောင်မလေးတော့"

"အမေ့"

ထွေလာဂျီအကွေ့မှာ ကြားလိုက်ရသောအသံကြောင့် အားလုံးလန့်အော်မိကြသည်။

"ဖိုးဇေ ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ဘူး၊ ဘီးလေးကျွတ်သွားတာပါ၊ ရတယ်၊ ရတယ် ငမျိုး ပြန်တွန်းလာမယ်"

"ဟာ'

ပြောပုံကလဲ ကြည့်ဦး။ ဘီးလေးကျွတ်သွားတာတဲ့။ ဒီလောက်လှုပ်စိစိထွေလာဂျီ ဘီးကျွတ်သွားတာဆိုတော့ စဉ်းစားသာကြည့်၊

"ဟာ ဖိုးဇေ ရပ်ဦးဟ၊ ဘီးပြန်တပ်ပါဦး"

"ဟာဗျာ၊ ခင်ဗျားကလဲ စိုးရိမ်တတ်လိုက်တာ"

ဖိုးဇေ မရပ်ချင်ရပ်ချင်နှင့် ထွေလာဂျီကို ရပ်လိုက်သည်။ နောက် ငမျိုးတွန်းယူလာသောဘီးကို ပြန်တပ်သည်။

"ဝိုင်းကူပေးရဦးမလား"

ကျွန်တော်၏အမေး။ ဒါကို အလိုက်သိသော ဖိုးဇေက

"အလှမပျက် ချွေးမထွက်ဘဲနေပါ၊ မူလီလေးလုံးလှည့်တာလွယ်ပါတယ်"

ကျွန်တော်ကလဲ မွေးရာပါ လက်ကြောမတင်းသူမို့ စပ်ဖြဲဖြဲဖြင့်သာ ထိုင်နေလိုက်သည်။

"ဒါနဲ့ ကိုကြည်က ရန်ကုန်မှာ ဘာလုပ်တာလဲဟင်"

ရွာသူလေး ခင်မာချို၏အမေး။ ကျွန်တော်လဲ နဂိုမြဲမှတ်စုစာကို ထပ်ဖြဲလိုက်ပြီး

"အခုလား အခုတော့ ဘာမှမလုပ်သေးဘူး၊ မြီးဟီး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆိုရင်ရော"

"နောက်လား၊ နောက်ဆိုရင်လဲ ဘာမှမလုပ်ဘူး၊ ဘာမှမလုပ်တတ်လို့၊ အဟစ်"

ကောင်မလေးတွေ ကျွန်တော့်ကို အားကိုးချင်စိတ် အတော်ပေါက်သွားကြပုံပေါ်၏။ တစ်ယောက်မှ လှည့်မလာတော့။ သူတို့ဘာသာသူတို့ ပြန်လည်တွတ်ထိုးနေကြတော့၏။ ဒါကို ကားဘီးကူတပ်ပေးနေသော ငမျိုးက

"ကိုကြည်က ဘာမှသာမလုပ်တာ၊ ပေါ့သေးသေးမထင်နဲ့၊ နှစ်ပိဿာလောက်ရှိတာ ဆန်ကုန်မြေလေး"

"ဟုတ်ပဲ့"

ကိုယ်တိုင်ပင် ဝန်ခံမိသွားသည်။ ဟုတ်တယ်လေ။ အဲဒီတုန်းက လက်ကြောတင်းမှာကြောက်လို့ စာတောင်မရေးသေးတာ။

"ကဲ ရပြီဟေ့၊ သွားမယ်"

ဖိုးဇေအော်သံနှင့်အတူ ထွေလာဂျီစက်သံ တထုန်းထုန်းကြားရသည်။

ကြီးမားသော သစ်ပင်တန်း၊ ချိုင့်ဝှမ်းများကို အတော်ကြာကျော်ဖြတ်ပြီးမှ

"ဘုန်းကြီးကျောင်းရောက်ပြီဟေ့"

လမ်းတစ်ခုထဲ ကွေ့ဝင်လိုက်သောအခါ အေးမြသော အရိပ်အာဝါသများကြား ကြီးမားသော ဘုန်းတော်ကြီးကျောင်းတစ်ခုကို တွေ့ရသည်။

ဖိုးဇေက လမ်းကျဉ်းကလေးထဲ ခက်ခက်ခဲခဲကွေ့ဝင်ပြီး ဘုန်းကြီးကျောင်းရှေ့ မြေကွက်လပ်တွင် ထွေလာဂျီကို ထိုးရပ်လိုက်သည်။

"ကဲ ဆင်းလို့ရပြီ၊ ကိုကြည်လဲဆင်းလေ"





"နေပါစေ၊ ကောင်မလေးတွေ အရင်ဆင်းပါစေ၊ lady first ပေါ့"

အမှန်တော့ lady first ချင်လို့မဟုတ်။ ထွေလာဂျီပေါ်မှ ခုန်ဆင်းသွားကြလေသော ကောင်မလေးများကို အရသာခံကြည့်နေချင်သေး၍ဖြစ်သည်။ အားလုံးကုန်မှ

"ဆင်းပြီဟေ့"

ဆိုပြီး ရုတ်တရက်အထ

"ဗြဲ"

"ဟာ"

နောက်ကျောက ကြားလိုက်ရသောအသံကြောင့် လန့်သွားသည်။ လှည့်ကြည့်လိုက်တော့

"ဗြဲ"

"ဟာ"

ဝတ်လာသောလုံချည်မှာ ထွေလာဂျီသံတန်းမှ သံစနှင့်ညှိ၍ စုတ်ထွက်သွားပေပြီ။ ဒါကို ပြန်လှည့်ကြည့်လိုက်တော့ ဆောင့်ဆွဲသလိုဖြစ်ပြီး တစ်ထွာသာသာ ကွဲထွက်သွားခြင်းပင်။ ရုတ်တရက် ဘာလုပ်ရမှန်းမသိ။ ခေါင်းနပန်းကြီးနေမိသေး၏။ နောက်မှ သတိရပြီး ကမန်းကတန်း ပြန်ထိုင်ချလိုက်ရလေသည်။

"ဟာ ကိုကြည် ဆင်းလေ၊ ဘာလို့ နေပူကြီးထဲ ကားပေါ်ထိုင်နေရတာလဲ၊ လာလေ ထလေ"

"သေတောင်မထဘူး"

ပါးစပ်က ထိုစကားတစ်ခွန်းသာ ထွက်လာရ၏။ ဘယ်လိုမှ ထလို့ မဖြစ်တာ ကိုယ်သာသိ၏။ ထလိုက်လျှင် ရွာသူတသင်းကို ဟိုသင်းဖြပြသလို ဖြစ်နေပေတော့မည်။

မာန်ကြီးလွန်းလှသော ကျွန်တော့်ကိုကြည့်၍ ဖိုးဇေအနား



www.burmeseclassic.com

www.burmeseclassic.com



ကပ်လာ၏။

"ဘာဖြစ်လို့လဲ ကိုကြည်၊ နေမကောင်းလို့လား၊ မျက်နှာမှာကလဲ ချွေးစေးတွေနဲ့၊ လာပါဗျ"

"သေတောင် မထပါဘူးဆိုနေ"

အောက်က တန်ပြန်တိုက်ခတ်နေသော လေပူငွေ့ငွေ့ကို ထိတွေ့ခံစားနေရ၏။ ဒါကို ဖိုးဇေက ခေါင်းကုတ်ရင်း

"ကောင်မလေးတွေနဲ့ စကားများပြန်ပြီထင်တယ်၊ ဟေ့ နင်တို့ ကိုကြည့်ကို ဘာပြောလိုက်လို့လဲ"

ကောင်မလေးများကလဲ တီကျသည်။

"အဖက်တောင်မလုပ်ဘူး"

"သူ့ပြောဖို့နေနေသာသာ ကိုယ့်ပါးစပ်နဲ့ကိုယ်တောင် မအားဘူး"

ဖိုးဇေခေါင်းကုတ်သွားသည်။ မျက်နှာပုပ်ကြီး ဆံပင်ဖွာလျားကြီးနှင့် ထွေလာကျီပေါ် ကျွန်တော်ပေထိုင်နေခြင်းကို စဉ်းစားမရ ဖြစ်နေပုံပေါ်၏။

"ဒါဖြင့် ဘာဖြစ်လို့လဲ ကိုကြည်"

"ဟေ့ကောင် မင်း ငါ့ကို ဒီအပေါ်က ဆင်းစေချင်သလား"

"ဗျာ၊ ဟုတ်ကဲ့"

"ဒါဆို ကောင်မလေးတွေ ဝေးရာလွှတ်လိုက်"

"ဗျာ ဘယ်လို"

"ကောင်မလေးတွေကို ဝေးရာလွှတ်လိုက်ပါဆို"

"ဩော် အင်း အင်း"

ဖိုးဇေက ဘုမသိဘမသိနှင့် ခေါင်းညိတ်ရင်း တစ်ဖက်လှည့်၍

"ဟေ့ မိန်းကလေးတွေ၊ ကျောင်းပေါ်တက်ပြီး ဆရာတော်ဖူးကြ၊ ပြီးမှ ငါနဲ့ကိုကြည် လိုက်လာမယ်"

မိန်းကလေးများ ကျောင်းပေါ်တက်သွားကြသည်။ ထိုတော့မှ ဖိုးဇေက

"ဘာဖြစ်လို့လဲ ကိုကြည်ရ၊ ဘာကိုစိတ်ကောက်"

"ဟေ့ကောင် စိတ်ကောက်စရာလား၊ အခုဟာ ငါ့လုံချည်၊ ငါ့လုံချည်"

"လုံချည်လာနေလို့လား၊ ယောကျ်ားကြီးတန်မဲ့ဗျာ"

"ဟေ့ကောင် အဲဒါပြောတာမဟုတ်ဘူး၊ အခုဟာက ငါ့လုံချည်၊ နင့်ထွေလာကျီနဲ့ညပ်ပြီး လုံချည်ကွဲသွားလို့"

ဖိုးဇေ မျက်လုံးပြူးသွားသည်။

"မှန်း ဘယ်မှာလဲ"

"ဟောဒီမှာကြည့်"

"ဗြဲ"

"ဟာ"

စိတ်ဆိုးဆိုးနဲ့ ထလိုက်တော့ ညိနေသောလုံချည်က ထပ်တွဲထွက်လာ၏။

"ဟာ နည်းတာမဟုတ်ဘူး"

"ဟေ့ကောင် ဘာကိုပြောတာလဲ"

"အဲ လုံချည်ကိုပြောတာပါဗျ၊ ခင်ဗျားကလဲ"

"အဲ အဲဒါက ဘယ်လိုလုပ်မလဲဟင်"

"နေဦး၊ နေဦး၊ ကျွန်တော်ဖြုတ်ကြည့်ဦးမယ်"

ဆိုကာ ဖိုးဇေက လုံချည်ညိနေရာ အသေအချာရှာဖြုတ်သည်။ အတန်ကြာမှ

"မလွယ်ဘူးဗျ၊ လုံချည်က ဟိုးအောက်က သံချွန်မှာညိပြီး ရစ်နေတာဆိုတော့ ဖြုတ်ရခက်တယ်"







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆွေးတွေပျံလာ၏။

"ဒါ ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"လုံချည်မီးရှို့လိုက်မယ်ဗျာ"

ကျွန်တော် တုန်တက်သွား၏။

"ဟော့ကောင် လုံချည်မီးမြှိုက်တော့ ငါ့ ငါ့ အိုကွာ မဖြစ်နိုင်ပါဘူး"

"ဒါဖြင့် ကျွန်တော့်ပါးစပ်နဲ့ ကိုက်ဖြတ်ကြည့်မယ်"

ဆိုကာ လုံချည်ညိနေရာ သူ့ပါးစပ်နှင့် ကိုက်ဖြတ်ကြည့်သည်။ သို့သော်

"ဟဲ့ ကျောင်းရှေ့ထွေလာဂျိုပေါ်က ဒကာနှစ်ယောက်၊ ဘုန်းကြီးကျောင်းမရှောင်၊ လူလည်ခေါင်မရှောင် ဘာလုပ်နေတာလဲ"

ဦးဇင်းတစ်ပါးအော်သံကြောင့် နှစ်ယောက်သား ခေါင်းထောင်သွားရ၏။

ဟုတ်ပ။ တစ်ယောက်က မတ်တတ်ရပ်ပြီး တစ်ယောက်က ကုန်းပြီး လုံချည်ကိုက်ဖြတ်နေတာဆိုတော့ တစ်မျိုးကြီး။

"လာပါပြီဗျ၊ ဒီမှာငြိနေသေးလို့ပါ"

ဆိုကာ ဖိုးဇေက

"ကဲ ကိုကြည်၊ ဖြုတ်နေရင် ကြာနေလိမ့်မယ်၊ ကြာရင် ပိုအရှက်ကွဲလိမ့်မယ်"

"အဲဒီတော့"

"ဒီအတိုင်း လုံချည်အကွဲခံပြီး ဆွဲထုတ်သွားဗျာ၊ ကျန်တာကြည့်စီစဉ်မယ်"

"အေး ကောင်းပြီ"

ဆိုကာ ထူထူပူပူနှင့် လုံချည်ကိုညိနေသည့်အတိုင်း ဆွဲထုတ်လိုက်ရသည်။





"ဗြွ"

ရှည်လျားသောအသံနှင့်အတူ လုံချည်က ခါးအောက်ပိုင်းမှစ၍ ထက်ခြမ်းကြီး ကွဲသွားရသည်။

"ပြေး ပြေး ကိုကြည်ပြေး"

ဖိုးဇေ၏လောဆော်မှုဖြင့် ကျောင်းအောက်အလျင်အမြန်ပြေးရသည်။

"ဟာ"

ကျောင်းအောက်သို့ရောက်သောအခါ လုံချည်ကို ပြန်လှည့်ဝတ်တော့ ဘယ်လိုမှ ဝတ်မရတော့။ အဘယ့်ကြောင့်ဆိုသော် လုံချည်အစကြီးတစ်စက ထွေလာဂျိုပေါ် ညပ်၍ ဖတ်သီဖတ်သီ ကျန်ခဲ့ပေပြီ။

"ဟော့ ဟော့ကောင်၊ ဘယ်လိုလုပ်ကြမလဲ၊ ဘာမှမလုံ မလုံတော့ဘူးကွ"

ကျွန်တော့်၏ ကတုန်ကယင်စကား။ ဒါကို ဖိုးဇေက

"နေဦး၊ ကျွန်တော်စဉ်းစားနေပါတယ်ဗျ၊ ရွာပြန်ယူဖို့ဆိုတာလဲ အဝေးကြီးဗျ"

မှန်ပေသည်။ ရွာကို လုံချည်ပြန်ယူက နေ့ဝက်ကျိုးသွားပေလိမ့်မည်။

"မင်း မင်းတို့အထဲမှာ လုံချည်အပိုလေးများ မပါကြဘူးလား"

"ဟာဗျာ၊ ဘုန်းကြီးကျောင်းလာတာ ဘယ့်နှယ် လုံချည်အပိုက ပါမှာလဲ"

"ဒါ ဒါဖြင့် ဒီကျောင်းမှာရော လုံချည်မရှိနိုင်ဘူးလား"

"ဘုန်းကြီးကျောင်းဆိုနေမှဗျာ၊ ဘုန်းကြီးတွေချည်းနေတာ၊ ဘယ့်နှယ်လုံချည်ကရှိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းနပန်းကြီးနေမိသည်။ အခြေအနေက ဘေးကျပ်နံကျပ်။

"ဒါ ဒါဖြင့် ဘယ်လို ဘယ်လို"

"လာဗျာ၊ ဟိုဖက်မှာ ကိုရင်လေးတစ်ပါးရှိတယ်"

"ဟင် ဘာလုပ်ဖို့"

ကျွန်တော် မျက်လုံးပြူးနေမိသည်။

"အဲဒီကိုရင်လေးမှာ သင်းပိုင်အပိုတော့ရှိမှာပဲ"

"ရှိရင်"

"ခင်ဗျား ခဏယူပတ်ထားလိုက်ပေါ့ဗျာ"

ကျွန်တော် မျက်လုံးပိုပြူးသွားမိသည်။

"အဲဒီလိုလား"

"လာဗျာ၊ အခုလောလောဆယ် ဒါအကောင်းဆုံးပဲ"

"အေး အေး အေးပါကွာ"

ဆိုကာ သူ့ဆွဲခေါ်ရာ လုံချည်ကွဲတမနှင့် လိုက်ရရှာ၏။

ကျောင်းရောက်တော့ ကိုရင်လေးကို အခန့်သင့်တွေ့ရသည်။ ဆံပင်ဖားလျားနှင့် လုံချည်ကိုးရိုးကားရားဖြစ်နေသော ကျွန်တော့်ကို ကိုရင်လေးက ပြူးကြောင်ကြောင်ကြည့်သည်။

ကျွန်တော်တို့အကျိုးအကြောင်း ရှင်းပြလိုက်တော့ ကိုရင်လေးက ရှောရှူစွာပင် သူ၏သင်းပိုင်တစ်ထည်ထုတ်ပေး၏။

သင်းပိုင်ပတ်လိုက်မှ ကျွန်တော့်မှာ လုံခြုံခြင်းကိုပြန်ရ၏။

"ဟူး အခုမှ စိတ်အေးရတယ်"

သက်ပြင်းများပင် ချမိတော့၏။

သင်းပိုင်တို့၏ ထုံးစံအတိုင်း ဝတ်နေကျလုံချည်ထက်လည်း ပိုကြီးနေ၍ သက်န်းများပတ်သလိုသာ ပတ်ထားရလေသည်။ ဒါကို ကြည့်ပြီး ဖိုးဇော





"ကဲ စိတ်လဲအေးမနေနဲ့၊ ဆရာတော်လဲ သွားဖူးလိုက်ကြရအောင်"

သူ့စကားကြောင့် ကျွန်တော်လန့်သွားရသည်။

"ဟင် ဒီပုံကြီးနဲ့"

ဖိုးဇောက ကျွန်တော့်ကို လှည့်ပတ်ကြည့်ရင်း

"အာ ဘာဖြစ်လို့လဲဗျ၊ လုံလုံခြုံခြုံပဲဟာ"

"ဟာ လုံခြုံတာတော့ ဟုတ်တာပေါ့၊ အခုဟာက"

"အခုဟာကတွေ ဘာတွေ လုပ်မနေနဲ့၊ ခဏကြာလဲ ဒီပုံမျိုးနဲ့ပဲတွေ့ရမယ့်ဟာကို၊ ကဲ လာ ကြာတယ်၊ သွားမယ်"

ဆိုကာ ဆွဲခေါ်သွားလေသည်။

ဟုတ်တော့လည်း ဟုတ်ပါသည်။ ဘာမှကိုမှ ထပ်လဲစရာမရှိတော့တာ။ ရွာပြန်လျှင်လဲ ဒီအတိုင်းပြန်ရမှာမို့ အခုမမြင်လဲ ရွာကြမြင်ကြရပေဦးမည်။ ထို့ကြောင့် ရှက်ခြင်းရှက် ကြိုရှက်ထားတာတ ပိုကောင်းမည်ဟု စဉ်းစားမိပြီး သူခေါ်ရာ လိုက်ပါလာမိသည်။

ကျောင်းပေါ်တက်လိုက်သည်နှင့်

"ဟင် ကိုကြည် ဘယ်လိုကြီးလဲ"

"ဟာ ကိုကြည်၊ ဘာဖြစ်သွားတာလဲ"

"ဟဲ့ ကိုကြည်၊ ကိုကြည့်ကို ကြည့်ကြပါဦး"

ကွတ်ထိုးသံများ။ သက်န်းတစ်ပိုင်းနှင့် ကျွန်တော့်ကို အံ့အားသင့်နေကြဟန်တူ၏။ ဒါကို ငမျိုးက အားရဝမ်းသာနှင့်

"ဟာ ကိုကြည် တို့ရွာရောက်တုန်းရောက်ခိုက် သက်န်းစီးချင်တယ်နဲ့တူတယ်"

သူ့စကားကို အားလုံးကလဲ ဝမ်းသာအားရအသံဖြင့်

"ဟယ် ဟုတ်လား၊ ဒါဆို တို့တွေကုသိုလ်ရပြီပေါ့"

"ဟော့ ပိုက်ဆံစု၊ ပိုက်ဆံစု၊ ပရိက္ခရာရှစ်ပါး၊ ဆရာတော်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားဆီက လျှောက်ရအောင်"

"ဟော့ ငါတို့တော့ ရဟန်းအစ်မ ဖြစ်ပြီဟော့"

သူတို့စကားများကြားတော့ ကျွန်တော် မျက်လုံးပြူးသွားရသည်။ နောက်မှ သတိရပြီး

"ဟင် အဲလို အဲလိုမဟုတ်၊ အဲလိုမဟုတ်"

ကျွန်တော့်စကားပင် မဆုံးလိုက်။ နံဘေးနားပါလာသော ဖိုးဇေကပါ ဝင်၍

"ဟော့ ကြာတယ်၊ ကိုကြည် စိတ်မပြောင်းခင် မြန်မြန်လုပ်ကြ"

"ဟင် မဟုတ်သေး မဟုတ်သေး"

"ကဲ မောင်ရင်လောင်း ဆရာတော်ဘုရားဆီ ဦးချမဟော့"

အတင်းဆွဲခေါ်ကာ ဘုရားစင်ရှေ့ ဦးချခိုင်းသည်။

"အဲ အဲလိုမဟုတ်"

"ဟဲ့ ဒကာလေး၊ သာသနာအရေး မငြင်းကောင်းဘူးကွယ့်"

ကျောင်းထိုင်ဦးဇင်းကပင် ဝင်ပြောနေ၍ ဘာပြန်ပြောရမှန်းမသိ။ ထိုခဏ၌ပင်

"ဟော့ ဆံချဖို့ ဓားအမြန်ယူခဲ့ဟော့၊ ထက်ပစေနော်"

"ဟင် မလုပ် မလုပ်"

မိန်းမက ဆယ့်နှစ်ယောက်၊ ယောကျာ်းက လေးယောက်ခန့် ဝိုင်းဖမ်းနေကြတော့ ငပိန် ကျွန်တော့်မှာ မရုန်းသာလှ။ ဒါကို ငမျိုးက အခွင့်ကောင်းယူ၍

"ကဲ ဆံချဖို့အသင့်ပဲဟော့၊ ပဝါစတွေ ကိုင်ထားကြ"

"ဗြဲ"

"ဟာ"

အနှစ်နှစ်အလလ အရှည်ထားခဲ့သောဆံပင်များကျလာတော့





အံ့အားသင့်ပြီး ကြောင်သွားသည်။

"ဟင် မင်း ဘာလုပ်၊ သွားပြီ၊ သွားပြီ၊ ခေါင်းတုံးဖြစ်ပြီ"

စဉ်းစား၍ မဆုံးခင်မှာပင်

"ဗြဲ ဗြဲ ဗြဲ"

"ဟာ"

မညှပ်ရက်၊ မပြုရက်ထားခဲ့သော ဆံပင်များအထွေးလိုက်။ ကြောင်ပြီး ပြန်ငုံ့ကြည့်နေမိသည်။ နောက်မှ သတိရပြီး ကတုန်ကယင်နှင့်

"ဟင် တကယ် တကယ်ကြီးလား"

"မောင်ရင်လောင်း ဘုရားတရားသာ အာရုံပြု"

"ဗြဲ ဗြဲ"

ဆံပင်များအထွေးလိုက်။ ထပြေးချင်စိတ်ရှိသော်လည်း ထပြေး၍လဲ မဖြစ်တော့။

ထို့နောက်. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ဖုန်တထောင်းထောင်းနှင့် ရွာသူရွာသားများအား တင်ဆောင်သွားသော ထော်လာဂျီလေးက လက်တပြပြနှင့် ပျော်ရွှင်စွာ ထွက်ခွာသွားပေပြီ။ သူတို့ရင်ထဲမှာတော့ ကုသိုလ်တွေ တထမ်းတပိုးနှင့်။

သက်န်းဝတ်နှင့်ကျန်ခဲ့သော ကိုယ်တော်မှာသာ ငို၍ပဲ ပြေးလိုက်ရမလား၊ တရားနှင့်ပဲ ဖြေရမလား မသိနိုင်ဘဲ လက်တွင်းကိုင်ထားသော ပုတီးကိုစိတ်၍ အံကြိတ်ကျန်ခဲ့ရလေတော့သတည်း။

လေးစားစွာကြိုးစားလျက်
အကြည်တော်

ဝိုး၊ မိုး၊ ၀၁၆၀

www.burmeseclassic.com